# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၃)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေး အသင်းလိုက် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားကြီး ပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၀၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပါဝင်ကစားကာ ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ၂၀၀၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဝန်ကြီးဌာနအသင်းများ၊ တရားရုံးချုပ် အသင်း၊ ရှေ့နေချုပ်ရုံးအသင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းတို့ အပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၄ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ ပထမနှင့် (အကျော့မဲ့)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် အသင်းခေါင်းဆောင်အား ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါး**

**အညွှန်း**

❐ **အကြိုက်ပေး ဒီမိုကရေစီသည် အများပြည်သူကို နစ်နာစေ၍ နိုင်ငံလည်း မတိုးတက်နိုင်ပေ။ တရားဥပဒေ စိုးမိုးမှုမရှိ၊ လူတစ်စု၊ ပါတီတစ်ခုအတွက် လိုအပ်သလို စည်းရုံးကျင့်သုံးသော စနစ်ဖြစ်၏။**

❐ **အကျိုးပြု ဒီမိုကရေစီကား နိုင်ငံကိုချစ်၍ အနစ်နာခံကာ စေတနာမှန်ဖြင့် တိကျပြတ်သားစွာ ကျင့်သုံး၍ ပြည်သူအများစု ချမ်းသာကြွယ်ဝ၏၊ နိုင်ငံတိုးတက်ဖွံ့ဖြိုး၏။**

စောနန္ဒာ (မာန်အောင်)၏ အကြိုက်ပေးဒီမိုကရေစီနှင့် အကျိုးပြုဒီမိုကရေစီ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပြုစုပျိုးထောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။ နိုင်ငံတိုင်းသည် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိစေရန် ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုလုပ်ငန်းများကို အပြိုင်အဆိုင် ပြုလုပ်လျက်ရှိကြသည်။

ယင်းသို့သောအခြေအနေတွင် နိုင်ငံသားတိုင်း ပညာရည်မြင့်မားပြီး အသိအမြင်၊ အတွေး အခေါ်နှင့် ဆင်ခြင်တုံတရားများ ပြည့်ဝနေရန် လိုအပ်သည်။ နိုင်ငံတကာအလယ်တွင် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို တည့်မတ်ခိုင်ကျည်စွာ ထိန်းသိမ်းစောင့်ရှောက်သွားမည့်သူများဖြစ်ရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံ လုံလောက်စွာရရှိရေး အစီအစဉ်များကို နိုင်ငံတော်က စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့ကို ချမှတ်လုပ်ဆောင်နေသည်။ နိုင်ငံတစ်ဝန်း ပညာရေးဆိုင်ရာ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဆိုးနှင့်အကောင်း၊ အမှားနှင့်အမှန် ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်သော အသိပညာရှင်၊ အတတ်ပညာရှင်များသည် အဓိကအရေးပါလျက်ရှိရာ ထိုသို့သော ပညာရှင်များကို မွေးထုတ်ရန် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ တာဝန်ကား ပဓာနကျသည်။ ဆရာ၊ ဆရာမများအနေဖြင့် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားပညာရည် မြင့်မားရေး ရည်မှန်းချက် အောင်မြင်ရန် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်သည်။

သို့မှသာ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ကြိုးပမ်းတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# မိုးစိုက်(မျိုးကြဲ)စိုက်ပျိုးသရုပ်ပြပွဲ ပျဉ်းမနား၌ကျင်းပ တစ်ဧကပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း မိုးစိုက်(မျိုးကြဲ) စိုက်ပျိုးသရုပ်ပြပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ပြန်ကပြေးရှေ့တန်းစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ မြန်မာ့ကြံလုပ်ငန်းရုံးချုပ်မှ အထွေထွေမန်နေဂျာဦးမြတ်ခိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြံစိုက်ပျိုးသည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကြံတောင်သူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ကြံစိုက်ပျိုးမှု တစ်ဧက ပန်းတိုင်အထွက်နှုန်း တန်၃၀ထွက်ရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားသည်။

### ကြည့်ရှုလေ့လာ

ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးမြတ်ခိုင်က မိုးစိုက်ပျိုး(မျိုးကြဲ) များကို စိုက်ပျိုးခြင်းနှင့် ကြံစိုက်ခင်းများတွင် အပင်ပေါက်သေချာသည့် သက်နုမျိုးကြံစိုက်ခင်းများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများသည် မိုးစိုက် (မျိုးကြဲ) စိုက်ခင်းသရုပ်ပြ စိုက်ပျိုးဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၁၂–၁၂–၂၀၀၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | ပညာခေတ် |
| ၅း၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၉) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၅) |

## သိမ်ဆောက်လုပ်ရေး အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်၊ ပါရမီလမ်း အမှတ် (၄)ဝိုင်း၊ ရွှေသလ္လာပရိယတ္တိစာသင်တိုက် သိမ်ကျောင်းတော်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၃ရက်က ကျင်းပရာ ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (ရွှေသလ္လာ)က သိမ်ကျောင်းတော် အုတ်မြစ်စီပေးပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသော ငွေကျပ်သိန်း ၉၀ကို လက်ခံရယူသည်။ သိမ်ကျောင်းဆောက်လုပ်ရန်အတွက် ပါဝင်လှူဒါန်းလိုသောအလှူရှင်များ ရွှေသလ္လာဆရာတော် ဖုန်း–၀၁–၅၆၀၅၄၂နှင့် ဦးမောင်ကျော် ဖုန်း– ၀၉၅၁–၃၆၄၇၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရက်သတ္တပတ်လှုပ်ရှားမှုပညာပေးဟောပြောပွဲ၊ သရုပ်ပြပွဲနှင့် နံရံကပ်စာစောင်၊ ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံ၊ ပိုစတာများ ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က သဃ်န်းကျွန်းမြို့နယ် အမက(၈)မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းသူ ကျောင်းသားများက အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ဆောင်ပုဒ်ဖြင့် ပညာပေးသရုပ်ဖော်စဉ်။** (က–ပ)



# ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ကြို့ပင်ကောက်မြို့နယ်အသင်း၏ ၂၀၀၅–၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၁၄ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ စုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

### ဆက်သွယ်သတင်းပို့

အသက်၈၀နှင့်အထက် အသင်းသူ အသင်းသားများ၏ စာရင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးတင်မြင့် ဖုန်း–၆၄၀၂၆၂၊ ၆၄၀၂၅၉၊ ဦးဝမ်းလှိုင် ဖုန်း–၆၆၁၀၇၈နှင့် ဦးခင်နု ဖုန်း– ၃၇၅၄၀၄တို့သို့ ဆက်သွယ်သတင်းပို့ရန်နှင့် လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

* ကျောဖုံးမှ

## တက်ရောက်

အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များနှင့် ခရီးသွားပြည်သူ များ တက်ရောက် အားပေး ချီးမြှင့်ကြသည်။

### ဖွင့်ပွဲလက်ဆောင်ပေး

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် အမှတ်(၃၈)အစုန် မြစ်ကြီးနား–မန္တလေးအထူးအမြန်ရထား စတင်ပြေးဆွဲမည့်ရထားတွဲဆိုင်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး တွဲဆိုင်းပေါ် တက်ရောက်၍ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်ကြသည်။

ထို့နောက် အမှတ်(၃၈) အစုန် မြစ်ကြီးနား–မန္တလေး အထူးအမြန်ရထားသည် နံနက် ၁၁နာရီတွင် စတင်ထွက်ခွာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဘူတာစင်္ကြံ တစ်လျှောက် အလံများဖြင့် ဝေ့ယမ်းအားပေးနှုတ်ဆက်ကြသည်။

လမ်းခရီးတွင် နန်းကွေ့ဘူတာ၊ မိုးကောင်းဘူတာ၊ ပင်ဘောဘူတာ၊ ဟိုပင်ဘူတာနှင့် မိုးညှင်းဘူတာတို့၌ ဒေသခံပြည်သူများကလည်း အတီးအမှုတ် အကအခုန်များဖြင့် ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ မန္တလေးဘူတာကြီး၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိ ဝန်ထမ်းများကလည်း မန္တလေး–မြစ်ကြီးနား အမှတ်(၃၇) အဆန် မန္တလေး–မြစ်ကြီးနား အထူးအမြန်ရထားကို အမွှေးနံ့သာများ ပက်ဖျန်းပြီး အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စင်္ကြံတစ်လျှောက် လက်ပြ ဝေ့ယမ်းအားပေး နှုတ်ဆက်ကြသည်။

မန္တလေး–မြစ်ကြီးနား ရထားလမ်းပိုင်းတွင်အထူးအမြန်ရထားကို အဆန်/အစုန်ပြေးဆွဲပေးမည်ဖြစ်၍ အမှတ်(၃၇) အဆန် မန္တလေး–မြစ်ကြီးနား အထူးအမြန်ရထားနှင့် အမှတ်(၃၈)အစုန် မြစ်ကြီးနား–မန္တလေး အထူးအမြန်ရထားတို့ကို ဒီဇင်ဘာ ၁၁ရက်မှစ၍ နေ့စဉ် မွန်းတည့်၁၂နာရီတွင် မန္တလေးနှင့်မြစ်ကြီးနား ဘူတာတို့မှ အသီးသီး စတင်ထွက်ခွာ ပေးမည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် ရွှေဘိုဘူတာနှင့် မိုးညှင်းဘူတာတို့၌သာ ရပ်တန့်ပေးမည်ဖြစ်သည်။

### ဝယ်ယူနိုင်

ယခု စတင်ပြေးဆွဲသည့် အမှတ်(၃၈)အစုန် မြစ်ကြီးနား–မန္တလေး အထူးအမြန် ရထားတွင် ရိုးရိုးတန်းခြောက်တွဲ၊ အထက်တန်းအိပ်စင်လေးတွဲ၊ အထက်တန်းထိုင်ခုံ တစ်တွဲ စုစုပေါင်း ၁၁ တွဲပါရှိသည်။ ရထားလက်မှတ်များကို သက်ဆိုင်ရာ ဘူတာရုံများ၌ တစ်ရက်ကြိုတင် ဝယ်ယူနိုင်မည်ဖြစ်သည်။

### ချစ်ကြည်ရေးခရီးစဉ်

ယနေ့စတင်ပြေးဆွဲသည့်မန္တလေး–မြစ်ကြီးနား၊ မြစ်ကြီးနား–မန္တလေး အထူးအမြန်ရထားတွဲများသည် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော လူစီးရထားတွဲ ၁၃၀မှ ရထားတွဲများဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မဟာဝိဇယစေတီတော်ကြီး၏ ထီးတော်ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ်၇၆၀၀၀၀နှင့်အောင်ခြင်းရှစ်ပါးပန်းချီကား ပေ၃၀ x ၆၀ပေတစ်ချပ် ပြန်လည်ရေးဆွဲခြင်းအတွက် အလှူငွေကျပ် ၇၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၅၁၀၀၀၀ကို နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖိုးဇော်ဝင်း–ဒေါ်ဇင်ဖြူမြင့် မိသားစုတို့က လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်နှင့်အဖွဲ့ဝင်ဦးမြင့်ဆွေတို့က လက်ခံယူစဉ်။** (က–ပ)



**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့ မြစ်ကြီးနား–မန္တလေး အထူးအမြန်ရထားစတင်ပြေးဆွဲသည့် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# စမ်းချောင်း အထက(၁) ကျောင်းသားဟောင်းများ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

စမ်းချောင်း အထက(၁)တွင် ၁၉၆၅ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ စမ်းချောင်း အထက(၁)ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကြပါရန် ဖြစ်မြောက်ရေးအဖွဲ့က နိုးဆော်ထားသည်။

### ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေ ထည့်ဝင်လိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း–၂၄၃၇၄၈၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း–၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးမောင်မောင်ဌေး ဖုန်း–၅၂၆၃၆၂၊ ဦးစိုးနိုင်(အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း–၅၆၄၈၀၂၊ ၀၉– ၈၀– ၂၂၀၇၅နှင့် ဒေါ်မြင့်မြင့်စိန်(စည်ပင်) ဖုန်း– ၅၃၆၂၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကြည့်ရှုစစ်ဆေး

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း Foundry Shop တွင် ကြည့်ရှုစစ်ဆေးစဉ်။**

(စက်မှု–၁)




# သွင်းကုန်အစားထိုး စက်ပစ္စည်းအစိတ်အပိုင်းများ အမယ်စုံထုတ်လုပ် အရည်အသွေးများကောင်းမွန်ရန် စနစ်တကျသုတေသနပြုဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဒီဇင်ဘာ၁၀ရက် နံနက်၉နာရီတွင် မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း Foundry Shop သို့ ရောက်ရှိပြီး သံရည်ကျိုလုပ်ငန်းများ၊ သံပုံလောင်းခြင်းလုပ်ငန်း၊အမှာစာအရ ပုံသွန်းလောင်းပြီးဖြစ်သော စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

### အမယ်စုံထုတ်လုပ်

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် သံပုံလောင်းခြင်းလုပ်ငန်းများ၊ သံသန့်စင်ခြင်းလုပ်ငန်းများ၊ သံရောစပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အစိုးရဌာနများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ အမှာစာများအရ ထုတ်လုပ်ထားသည့် မော်တော်ယာဉ်စက်အပို ပစ္စည်းများဖြစ်သော ဂီယာများ၊ စီယာရင်များ၊ ကွန်ပရက်ဆာများ၊ကင်းပင်အုံများ၊ Brake Drum များ၊ Brake Shoe များစသည်တို့ကို ကြည့်ရှုစစ်ဆေးကာ သွင်းကုန်အစားထိုး စက်ပစ္စည်းအစိတ်အပိုင်းများကို အမယ်စုံထုတ်လုပ်သွားရေး၊ ထုတ်လုပ်သည့် စက်အစိတ်အပိုင်းများ၏ အရည်အသွေးများကောင်းမွန်ရန် စနစ်တကျသုတေသနပြု ဆောင်ရွက်သွားရေးစသည်ဖြင့် မှာကြားသည်။

### ကြပ်မတ်ဆောင်ရွက်

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် Machine Shop သို့ ရောက်ရှိကာ တွင်ခုံစက်များဖြင့် စက်အပိုပစ္စည်းများအား အချောကိုင်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ Vertical Lathe Machine ၏ ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ Long Lathe စက်တပ်ဆင်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ Surface Grinding Machine ဖြင့် စက်အပိုပစ္စည်းများ၏ ပြင်ညီချောခြင်းလုပ်ငန်းများကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး စက်အပိုပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရေး မှာကြားသည်။

မန္တလေးစက်မှုဇုန်၏ လုပ်ငန်းစတင်သည့်အချိန်မှ Foundry Shop အနေဖြင့် ပစ္စည်း အမျိုးအမယ် ၈၇ မျိုးကိုထုတ်လုပ်လျက်ရှိရာ အကြမ်းထည်ပေါင်း ၂၄၇၃၄ ထုတ်လုပ်နိုင်ခဲ့ပြီး ယင်းအနက် စက်ပစ္စည်း ၁၁၄၅၅ခုကို အချောထည်အဖြစ်ဆောင်ရွက်ခဲ့သည်။

Forging Shop စက်ရုံအနေဖြင့် Light Truck ကားဘော်ဒီအစိတ်အပိုင်းများနှင့် Jeep Car မီးခွက်များအား ထုတ်လုပ်လျက်ရှိသည်။

### သံရည်ကျိုစက်ရုံများ

မန္တလေး စက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံများမှ အဆင့်မြင့် စက်ပစ္စည်းများနှင့် သွင်းကုန်အစားထိုး ထုတ်ကုန်များကို အရှိန်အဟုန်မြှင့် ပိုမိုထုတ်လုပ်သွားမည်ဖြစ်ပြီး အစိုးရဌာနများနှင့် ပုဂ္ဂလိက စက်ရုံများမှလိုအပ်သော စက်အပိုပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် စက်မှုဇုန်များ အဆင့် တိုးမြှင့်ရေးစီမံကိန်း အစည်းအဝေးခန်းမ၌ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးအောင်ဝင်းခိုင်က သံရည်ကျို စက်ခုတ်စားလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ အစိုးရနှင့် ပုဂ္ဂလိက စက်ရုံများ၏ အမှာစာများနှင့်အညီ သွင်းကုန်အစားထိုး စက်အပိုပစ္စည်းများ ထုတ်လုပ်ပေးမှု အခြေအနေများ၊ ထုတ်လုပ်ပြီး စက်အပိုပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရန် စီမံဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မန်းစတားမော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးမြင့်ဆွေက မော်တော်ယာဉ် ထုတ်လုပ်မှုကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက သွင်းကုန်အစားထိုး အရည်အသွေးကောင်းမွန်သော စက်အပိုပစ္စည်းများ၊ အမယ်စုံ တိုးတက်ထုတ်လုပ်သွားရေး၊ နည်းပညာရှင်များ ရှာဖွေစုဆောင်း၍ စက်ရုံလုပ်သားများ၏ အရည်အချင်း၊အရည်အသွေးပြည့်ဝရန် လေ့ကျင့် ပျိုးထောင်သွားရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် မန္တလေး စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးစက်မှုဇုန် ဦးထွန်းအောင်၏ AMA GROUP ကားထုတ်လုပ်ရေး ဌာနသို့ ရောက်ရှိကာ ထုတ်လုပ်ပြီး Light Truck ကားများ၊ AMA Machine Workshop ရှိ ဖိနှိပ်စက်များဖြင့် ပုံဖိပုံလောင်းခြင်းလုပ်ငန်းများ၊ ထုတ်လုပ်ပြီး ဂျစ်ကားများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာအုပ်ထုတ်ဝေရေး လုပ်ငန်းရှင်များအား နိုင်ငံတကာဈေးကွက်ရရှိရေး စင်ကာပူဝန်ကြီးတိုက်တွန်း

စင်ကာပူ ဒီဇင်ဘာ ၁၁

**စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးလာပြီဖြစ်ရာ စင်ကာပူအစိုးရအနေဖြင့် ပြည်တွင်းထုတ်ဝေသူများအား ဈေးကွက်လျင်မြန်စွာကြီးထွားလာစေရန် ဆောင်ရွက်ကြရေး တိုက်တွန်းထားကြောင်း စင်ကာပူဝါရင့် ဝန်ကြီးတစ်ဦးက ဒီဇင်ဘာ၈ရက်တွင် ပြောကြားလိုက်သည်။**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင် (အမ်ဒီအေ) ကဲ့သို့သော အစိုးရအေဂျင်စီများသည် ပြည်တွင်းစာအုပ်ထုတ်ဝေရေးကုမ္ပဏီများအား ပြည်ပသို့ သွားရောက်လေ့လာလုပ်ကိုင်ရန် အားပေးမှုများ ပြုလုပ်ထားပြီ ဖြစ်ကြောင်း လူငယ်နှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဗီဗီယန် ဘာလာခရစ်နန်က စင်ကာပူ၌ ပြောကြားလိုက်သည်။

လောလောဆယ်တွင် စင်ကာပူနိုင်ငံတွင် ဒေသထုတ်ဝေသူနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်ဝေသူများ အပါအဝင် ထုတ်ဝေရေးကုမ္ပဏီ ၈၀၀ ကျော်ရှိသည်။

စာအုပ်ထုတ်ဝေရေး ကဏ္ဍသည် စင်ကာပူနိုင်ငံ၏ ဂျီဒီပီအတွက် စင်ကာပူဒေါ်လာ၈၃၆သန်း(အမေရိကန်ဒေါ်လာသန်း၅၄၀)ရှာဖွေပေးနိုင်ပြီး ၂၀၀၄ခုနှစ်က ပြည်သူ ၆၀၀၀ကျော်အား အလုပ်အကိုင် ပေးနိုင်ခဲ့သည်။

အမ်ဒီအေ၏ အဓိက ရည်မှန်းချက်တစ်ခုမှာ နိုင်ငံတကာ ဈေးကွက်များသို့ မဂ္ဂဇင်းများမှ ဟာသနှင့် ကာတွန်းစာအုပ်များ ထုတ်ဝေလျက် တိုးချဲ့တင်ပို့ရန် ဖြစ်သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ဆုပြည်နယ်ရှိ ရုပ်မြင်သံကြားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဒီဇင်ဘာ ၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အေအိုင်ဒီအက်စ်ကြောင့် မိဘမဲ့ခဲ့ရသူ ကလေးဦးရေ ကင်ညာနိုင်ငံတွင် ၁ ဒသမ ၂သန်းခန့်ရှိ

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၁**

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်ရောဂါကြောင့် မိဘများသေဆုံးသွားသည့်အတွက်မိဘမဲ့ဘဝရောက်ရသည့် မိဘမဲ့ ကလေးဦးရေ တိုးပွားလာမှုမှာ ကင်ညာနိုင်ငံ၌ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ကြောင်း ကင်ညာဒုတိယသမ္မတ မူဒီအဝိုရီက နိုင်ရိုဘီမြို့၌ ဒီဇင်ဘာ ၈ရက်က ပြောကြားလိုက်သည်။

### ပြောကြား

ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယသမ္မတ မူဒီအဝိုရီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

### ပါဝင်ကူညီ

မိဘမဲ့ကလေးများကိစ္စကို ကိုင်တွယ်ရန် အစိုးရကအစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘမဲ့ကလေး ၁ဒသမ၂သန်းခန့်ပြဿနာကို ထိရောက်စွာ ကိုယ်တွယ်ဖြေရှင်းရန် အစိုးရအနေဖြင့် ငွေကြေးမြောက်မြားစွာသုံးစွဲရန်လိုအပ်ကြောင်း၊ ထိုကလေးငယ်များကောင်းမွန်စွာ နေထိုင်စားသောက်နိုင်ရေးအတွက် ပြည်သူများက ပါဝင်ကူညီထောက်ပံ့ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

### တိုက်ဖျက်ရေး

အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးမဟာဗျူဟာအစီအစဉ် တစ်ရပ်ကိုလည်း အစိုးရက ပြင်ဆင်ထားပြီဖြစ်ကြောင်း ဒုတိယသမ္မတ မူဒီအဝိုရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အီဂျစ်၌ ယာဉ်တိုက်မှုဖြစ် ၁၄ ဦးသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၁၁**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနောက်တောင်ဘက်ရှိ အဝေးပြေးလမ်းမပေါ်၌ ဒီဇင်ဘာ၈ရက်က ခရီးသည်တင်ဘတ်စ်ကားနှင့် ကုန်တင်ယာဉ် တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ ခရီးသည်၁၄ဦးသေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီနာသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုသည် ကိုင်ရိုမြို့မှ ၈၅ ကီလိုမီတာအကွာရှိ ကိုင်ရိုအက်ယွတ် အဝေးပြေးလမ်းမပေါ်၌ ရုတ်တရက်ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်တင်ဘတ်စ်ကားမှာ လုံးဝပျက်စီးသွားကြောင်း ဖေရန်မြို့ လုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဆာမီရာအက်ဝပ်ဒ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံခြားသားများအတွက် သက်သေခံကတ်များ မလေးရှားတွင် မကြာမီထုတ်ပေးမည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၁

**မလေးရှားနိုင်ငံသည် လာမည့်နှစ်တွင် နိုင်ငံခြားသားများအတွက် သက်သေခံကတ်ပြားအသစ်တစ်မျိုးကို စတင်မိတ်ဆက်သုံးစွဲသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိတစ်ဦးက ဒီဇင်ဘာ၉ရက်၌ ပြောကြားသည်။**




အဆိုပါကတ်ပြားသစ်ကို ယခင်ထုတ်ပေးထားသော ကတ်ပြားနေရာတွင် ပြောင်းလဲအစားထိုးပေးသွားမည်ဖြစ်သည်။လက်ရှိသက်သေခံကတ်ပြားထုတ်ပေးထားသူများမှာ နိုင်ငံခြားသားအလုပ်သမားများ၊အိမ်ဖော်များ၊ကျောင်းသားများ၊စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများဖြစ်သည်။

### ပါဝင်

အသစ်ထုတ်ပေးမည့် ကတ်ပြားတွင် ကိုင်ဆောင်သူ၏ ဓာတ်ပုံ၊ ကိုယ်ရေးသတင်းအချက်အလက်စသည်များ ပါဝင်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် အိုးအိမ်ဝန်ကြီးဌာန ဝန်ကြီးမိုဟာမက်ရာဇီရိုတ်အာမက်က ပြောကြားသည်။

### ထုတ်ပေးသွားမည်

အဆိုပါ သက်သေခံကတ်ပြားအသစ်များကို မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားသားကျောင်းသား ၄၀၀၀၀အတွက် ပထမဆုံး ထုတ်ဝေပေးမည်ဖြစ်ပြီး၊နောက်ပိုင်းတွင် နိုင်ငံခြားသားအလုပ်သမား ၁ဒသမ ၈သန်းအတွက် ထုတ်ပေးသွားမည်ဟု ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## ဆန်တာကလော့စ် အပြေးပြိုင်ပွဲ

**ကမ္ဘာပေါ်တွင် အရေအတွက်အများဆုံး ဆန်တာကလော့စ်ဝတ်စုံ ဝတ်ဆင်ထားသူများ အပြေးပြိုင်ပွဲကို တွေ့ရစဉ်။** (အပေါ်ပုံ)

အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ဆန်တာကလော့စ်ဝတ်စုံ ဝတ်ဆင်ထားသူ၄၅၀၀ခန့်တို့ကစုပေါင်း၍ ငါးကီလိုမီတာပြေးပြီး တစ်ကီလိုမီတာလမ်းလျှောက်ခဲ့ကြရာ ကမ္ဘာပေါ်တွင် အရေအတွက်အများဆုံး ဆန်တာကလော့စ် ဝတ်စုံဝတ်ဆင်ပြီး အပြေးပြိုင်ကြသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်း ခံရမည်ဖြစ်သည်။

**(အင်တာနက်)**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### အေဒီ ၂၅ခုနှစ်ခန့်က ဆိတ်ရုပ်တု

**အေဒီ ၂၅ခုနှစ်ခန့်က ထုလုပ်ခဲ့သော ဆိတ်တစ်ကောင်၏ ရုပ်တုတစ်ခုကို တွေ့ရစဉ်။** (အောက်ပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ကျင်တန်စီရင်စုတွင် တူးဖော်တွေ့ရှိရသည့် ကျောက်ဖြင့် ထုလုပ်ထားသော ဆိတ်ရုပ်တုတစ်ခုမှာ အေဒီ၂၅ခုနှစ်ခန့်က ထုလုပ်ခဲ့သည့် ရုပ်တုတစ်ခုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ၎င်းရုပ်တုကို ရှေးဟောင်းသင်္ချိုင်းဂူတစ်ခုအတွင်းမှ တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**



## အီရတ်မြောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၁**

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ စီးလာသော မော်တော်ယာဉ်တစ်စီးသည် လမ်းဘေးတွင်ထောင်ထားသော ဗုံးတစ်လုံး တက်နင်းမိပြီး ပေါက်ကွဲခဲ့၍ အမေရိကန်တပ်ဖွဲ့ဝင်၁၀ဦးမှ ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

### ဖော်ပြ

ယင်းအမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသည် လမ်းဘေးဗုံးပေါက်ကွဲချိန်တွင် တိုက်ပွဲဆင်နွှဲရန် ပြင်ဆင်ခဲ့ကြောင်း ၎င်းကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

### ကြေညာချက်

အမေရိကန်တပ်ဖွဲ့ဝင်၁၀ဦးမှာ သီးခြားစီဖြစ်သော ဖြစ်စဉ်လေးခုတွင် သေဆုံးခဲ့ကြောင်းလည်း အမေရိကန်စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ် ဒုတိယဗိုလ်မှူးကြီး ခရစ္စတိုဖာက ဒီဇင်ဘာ၆ရက်၌ ပြောကြားခဲ့သည်ကို ယင်းကြေညာချက်တွင် ဖော်ပြသည်။

### သေဆုံးသူဦးရေ

ယခုနောက်ဆုံး အမေရိကန်တပ်ဖွဲ့ဝင်၁၀ဦးသေဆုံးခဲ့မှုသည် ဒီဇင်ဘာလဆန်းမှစပြီး သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၂၉ဦးအထိ ရှိလာစေသည်။

အီရတ်ကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ၂၀၀၃ခုနှစ် မတ်လမှစ၍ ကျူးကျော်တိုက်ခိုက်ချိန်မှစပြီး အီရတ်၌သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၉၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း မီဒီယာများ၏ မှတ်တမ်းအရ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကျောဖုံးမှ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၅၆ဦးရှိပြီး ကိုယ်စားလှယ်၄၅ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၀ ဒသမ ၃၆ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

### ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ရုပ်ရှင်ဒါရိုက်တာဦးကြည်စိုးထွန်းကနိုင်ငံတော် အလံနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဗိသုကာနှင့် ပန်းပုလုပ်ငန်းပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)က နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်မှုပညာရှင် ဦးစိန်ကြည်က ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (အငြိမ်းစား)ဒေါ်ပိုကအထွေထွေပြဋ္ဌာန်းချက်အခန်းနှင့်စပ်လျဉ်း၍လည်းကောင်း ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်ပတ်သက်၍ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းမူကြမ်းကို ဖတ်ကြားတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ညီလာခံကိုယ်စားလှယ်များက အဆိုပါ အကြံပြုချက်စာတမ်းမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး လှည့်လည်အပူဇော်ခံမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်းတိုက်အတွင်း သီတင်းသုံးစံပယ်တော်မူလျက်ရှိသော မဟာလာဘမုနိမြတ်စွာဘုရားနှင့် ရဟန္တာအရှင်သီဝလိမထေရ်မြတ်တို့အား အမှူးထား၍ စင်ကာပူကျောင်းတိုက် မင်္ဂလာကန်တော်၌ သီတင်းသုံးတော်မူလျက်ရှိသော ရဟန္တာရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ (၁၅)ကြိမ်မြောက် အပူဇော်ခံပွဲကို ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးသို့ ဒေသစာရီကြွချီ၍ လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ဒီဇင်ဘာ၁၄ရက်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၂)၊ (၃)၊ (၅)နှင့် အမှတ်(၆)ရပ်ကွက်များသို့ လည်းကောင်း၊ ဒီဇင်ဘာ၁၅ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံး ပြန်ရပ်ကွက်၊ ကျီတော်ရပ်ကွက်နှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၇)၊(၈)နှင့် (၉)ရပ်ကွက်များသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၆ရက်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၁)နှင့်(၁၀)ရပ်ကွက်သို့လည်းကောင်း ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံမည်ဖြစ်ရာ မည်သူမဆို ကုသိုလ်ယူ ကြည်ညိုလှူဒါန်းနိုင်ကြောင်းနှင့် လာဘမုနိမြတ်စွာဘုရားကျောင်းဆောင်သည် ညောင်တန်းအိမ်ရာ၌ လည်းကောင်း၊ ရဟန္တာရှင်သီဝလိမထေရ်မြတ်ကျောင်းဆောင်သည် ညောင်တန်းစိန်ချယ်လမ်း၌လည်းကောင်း၊ ရဟန္တာရှင်ဥပဂုတ္တမထေရ်မြတ်ကျောင်းဆောင်သည် ကြာညိုအနော်ရထာလမ်း၌လည်းကောင်း ပူဇော်ခံထားရှိ၍ ဒီဇင်ဘာ ၅ရက်မှစတင် ပင့်ဆောင်အပူဇော်ခံလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်က ကြီးမှူး၍ (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို ဒီဇင်ဘာ၆ရက်က အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း မလစ်အုပ်စု အပိုင်း(အရှေ့)ကျေးရွာတွင်ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်၊မလစ်အုပ်စု အပိုင်း(အရှေ့ကျေးရွာ)ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်က လွတ်လပ်ရေး ဗိမာန်ကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

**(မြို့နယ် ပြန်/ဆက်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော အဘိုးအဘွားနှင့် ဖေဖေ ဦးဦးကျော် ဇေယျ (U.A.E)-မေမေ ဒေါ်ရွှေစင်တို့အား အမှူးထားပြီး သားလေး မောင်ထက်အောင် (နှစ်နှစ်ပြည့်မွေးနေ့အလှူ)အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် အရှင်ဂန္ဓသာရ(စာချ-နာယက)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။**

(က-ပ)



## ရာမညနိကာယဝိနယာဓိက မွန်စာပြန်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၁) ကြိမ်မြောက် ရာမညနိကာယဝိနယာဓိက မွန်စာပြန်ပွဲကြီးကို မွန်ဓမ္မာရုံ၌ သံဃာတော်အပါး၂၀၀ကျော်တို့အား ဒီဇင်ဘာ၂၉၊၃၀၊၃၁ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် မွန်ဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေတိဂုံဘုရားလမ်း ဖုန်း-၃၇၅၅၉၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

**(က-ပ)**

## အင်တာနက်သတင်းနှင့်ဓာတ်ပုံ



### ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများတွင် အဆိပ်အတောက်ဖြစ်နေ

**ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှ သေးငယ်သော ပလတ်စတစ်ဒြပ်မှုန်လေးများကြောင့် ကမ္ဘာ့သမုဒ္ဒရာများတွင် အဆိပ်အတောက်များဖြစ်ပေါ်လျက်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။**

**နိုင်ငံအသီးသီးမှ စက်ရုံများနှင့် ပြည်တွင်းစွန့်ပစ် ပလတ်စတစ်ပစ္စည်းများကို သမုဒ္ဒရာများအတွင်း စွန့်ပစ်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ပင်လယ်သမုဒ္ဒရာများတွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေရကြောင်း ၎င်းတို့က ပြောကြားသည်။**

**ဥရောပနိုင်ငံများ၏ ကမ်းခြေများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို တွေ့ရှိခဲ့ရပြီးနောက် သုတေသနပညာရှင်များက ပင်လယ်ရေများကို စစ်ဆေးသုတေသနပြုခဲ့ရာမှ ယခုကဲ့သို့ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယခုအခါ အခြားဒေသများရှိ နိုင်ငံအများအပြား၏ ကမ်းခြေများတွင်လည်း အလားတူ ပုံစံများအတိုင်း တွေ့ရှိရသည်ဟု ၎င်းတို့ကဆိုသည်။**

**အဆိုပါ အဆိပ်အတောက်များသည် အစားအစာများတွင် တစ်နည်းနည်းဖြင့် ရေနှောပါဝင်သွားနိုင်ဖွယ်ရှိရာ ၎င်းအချက်ကို သုတေသနပညာရှင်များက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။**

(ကိုးကား-အင်တာနက်)

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဂုဏ်ပြု မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ( ၂၀၀၆ ) စည်ကားစွာကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အားပေးကူညီမှုဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ခုနှစ် ဒီဇင်ဘာ၁ရက်တွင် မူလမြန်မာနိုင်ငံ ငါးလုပ်ငန်းအသင်းအဖြစ်မှ အဆင့်တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၂ခုနှစ် စက်တင်ဘာ၈ရက်တွင် အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

### ခင်းကျင်းပြသရောင်းချမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ၁၅ရက် မွန်းလွဲ၂နာရီတွင် အဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါနှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၆)ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း ဒီဇင်ဘာ၁၅ရက် ညနေ၃နာရီခွဲတွင် စတင်ဖွင့်လှစ်ပြီး ဒီဇင်ဘာ၁၇ရက်အထိ နေ့စဉ်နံနက်၉နာရီမှ ည၁၀နာရီအတွင်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းသည် ပြည်တွင်းစားသုံးမှုကိုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေ တိုးတက်ရာဖွေပေးနိုင်လျက်ရှိသည်။ ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ နိုင်ငံတော်၏တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်နိုင်မှုအပိုင်း၏ သားငါးကဏ္ဍတွင် ကဏ္ဍအလိုက် GDPပါဝင်မှုအချိုးအနေဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ နိုင်ငံခြားဝင်ငွေ ရရှိမှုအနေဖြင့် စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်ပေးနိုင်ခဲ့သည်။

### ကြိုးပမ်းဆောင်ရွက်

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင်လည်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးမြှင့်ရေး၊ GDP တိုးမြှင့်ရေး၊ ပြည်တွင်းပြည်ပဝင်ငွေ တိုးမြှင့်ရရှိရေး ရည်ရွယ်ချက်များထားရှိကာ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း၄၀၀ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို မြန်မာ့ရေထွက်ပစ္စည်းများ၏ ကောင်းခြင်းနှင့်ပြည့်စုံ၍ ထူးကဲသောအရသာကို ပြည်တွင်းစားသုံးသူများ ပြည့်ပြည့်စုံစုံသိရှိနိုင်စေရန်၊ ရေထွက်ပစ္စည်းများစားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ကြောင်း အများပြည်သူများသိရှိလာပြီး အမျိုးသားကျန်းမာရေး မြှင့်တင်မှုအခန်းကဏ္ဍကို အထောက်အကူပြုနိုင်စေရန်၊ နိုင်ငံတော်အတွင်း ရေထွက်ပစ္စည်းများထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့လျက် နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရေထွက်ပစ္စည်းလုပ်ငန်းများအနေဖြင့် ရေချိုနှင့်ရေငန်ကဏ္ဍနှစ်ခုတွင် ထုတ်လုပ်မှုအပိုင်းနှစ်ပိုင်း ခွဲခြားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုတွင် ရေထွက်ပစ္စည်းများကို အကောင်လိုက်ဝယ်ယူစားသုံးမှုမှသည် အသားလွှာစနစ်ဖြင့်စားသုံးခြင်း၊ အဆင့်မြင့်နည်းပညာများအသုံးပြု၍ ပုံသဏ္ဍာန်အမျိုးမျိုးပြုပြင်ထုတ်လုပ်ကာ ပိုမိုကောင်းမွန်သော အစားအသောက်များအဖြစ် ဖန်တီးသုံးစွဲခြင်းစသည့် နည်းစနစ်များဖြင့်စားသုံးနေကြရာ ယခုဈေးပွဲတော်တွင် ရေထွက်ပစ္စည်းများကို အသင့်ချက်ပြုတ်သည့်ဟင်းလျာများအဖြစ်လည်းကောင်း၊ ချက်ပြုတ်ရန် အဆင်သင့်ပြုပြင်ထုတ်လုပ်ထားသော ထူးကဲအရသာကောင်းမွန်သည့် ရေထွက်ပစ္စည်း(Fast Food)များအဖြစ်လည်းကောင်း အများပြည်သူတို့အား မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### မည်သူမဆိုကြည့်ရှုအားပေးနိုင်

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်တွင် ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မြန်မာ့ရေထွက်ပစ္စည်းလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့၊ လုပ်ငန်းကုမ္ပဏီများ၏ပြခန်း၊ ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ဆိုင်များ၊ မြန်မာ့ရေထွက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ရေထွက်ပစ္စည်းအချက်အပြုတ်ပြိုင်ပွဲနှင့် ဆုပေးပွဲများကိုပါ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆိုလာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)က ကြီးမှူးကျင်းပသော စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက်က ဆရာဝန်အသင်း(ပုသိမ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါ်ခင်နွဲ့မော်က ကျောက်ကပ်နှင့်အသည်းအစားထိုးကုသခြင်းကို ဆွေးနွေးဟောပြောပြီး ဆရာဝန်အသင်း (ပုသိမ်) ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေက မြန်မာနိုင်ငံဆရာဝန် အသင်း(ဗဟို)၏ ညွှန်ကြားမှုအရ ဧရာဝတီတိုင်း ဆရာဝန်သိက္ခာနှင့် ကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီ (Ethical Committee)ကိုဖွဲ့စည်းရန်၊ အဆိုပါကော်မတီ၏ ရည်မှန်းချက်ဖြစ်သော ဆရာဝန်ကိုယ်ကျင့် သိက္ခာနှင့်ကျင့်ဝတ်စည်းကမ်းများ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ စံညွှန်းကျင့်စဉ်များ ကျင့်သုံးလာစေရန်နှင့် ပြည်သူလူထုက လေးစား ယုံကြည် အားထားသော ဆရာဝန်များ ဖြစ်လာစေရန်တို့ကို ရှင်းလင်းဆွေးနွေးသည်။

**ဖွဲ့စည်း**

ထို့နောက် အလုပ်အမှုဆောင် ၂၀ ပါဝင်သော ဧရာဝတီတိုင်း ဆရာဝန်သိက္ခာနှင့်ကျင့်ဝတ် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ် နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ၊ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ် စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၄၉၂ နေ ဦးစောညွန့်-ဒေါ်တင်အုန်း မိသားစုက အလှူငွေကျပ် တစ်သိန်းကို နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မှု ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၁၂-၂၀၀၆ ရက် (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၅ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၂၅ | ၈။ | ဂမုန်းရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒအထူးပြုများ)[သင်္ချာ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁၇:၁၅ | ၆။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇:၂၅ | ၇။ | **"နှင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၇:၃၅ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၂၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၂၅ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၃၄) |
| ၁၈:၅၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၁၉:၁၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း-၂၆) |
| ၂၀:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၈) |
| | ၁၈။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |

# ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း အားပျော့သွား

နေပြည်တော် ဒီဇင်ဘာ ၁၁

**မြန်မာစံတော်ချိန် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားခဲ့ပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

(သတင်းစဉ်)

# ရိုးသားဆန်းကြယ်စွာ ဖော်ကျူးပြသထားသည့် Project Pre-Show အနုပညာလက်ရာပြပွဲ

**သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် ဒီဇင်ဘာ ၁၁

**အနုပညာသည် ခံစားမှုရသပေးစွမ်းနိုင်သလောက် တန်ဖိုးဖြတ်မရအောင် သတ်မှတ်မှုတန်ဖိုး မြင့်မားလွန်းလှသည်ဖြစ်ရာ အနုပညာလက်ရာများကို လေ့လာကြည့်ရှုသူ၏စိတ်တွင် တစ်စုံတစ်ခု ပေးစွမ်းနိုင်လျှင်ပင် အဖိုးတန်နေပြီဖြစ်သည်။**

ထိုသို့သော အနုပညာလက်ရာများဖြင့် ခင်းကျင်းပြသထားသည့် ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ Project Pre-show ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဒီဇင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ ဖွင့်လှစ်ပြသထားရာ ပြခန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

**တင်ပြထား**

Project Pre-show အနုပညာလက်ရာပြခန်းအတွင်း လှမ်းအဝင်မှာပင် ထူးခြားသောအနုပညာလက်ရာပစ္စည်းများကို တွေ့လိုက်ရသည်။ အရောင်အသွေးစုံလင်သော ပန်းချီကားချပ်များမဟုတ်၊ မြင်တွေ့နေကြ ရုပ်ဝတ္ထုပစ္စည်းများနှင့် အဆောက်အအုံများကို စတီးလ်များဖြင့်ပြုလုပ်ကာ သူ၏အနုပညာကို တင်ပြထားခြင်းဖြစ်သည်။



**နန်းမြင့်မျှော်စင်**

**နန်းမြင့်မျှော် စင် ကလည်း စတီးလ်များဖြင့် ပြုလုပ်ထားပြီး အနုပညာ ဆန်စွာ ဤသို့ တင်ပြထားသည်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**သရုပ်ဆောင် သျှားညို၏ Project Pre-show အနုပညာပြခန်းမြင်ကွင်းကို တွေ့ရစဉ်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



အနုပညာလက်ရာများကို ဖန်တီးတင်ပြသူ သရုပ်ဆောင်သျှားညိုနှင့်တွေ့ဆုံကာ ပြပွဲနှင့်ပတ်သက်၍ မေးမြန်းရာ "ပန်းချီပြပွဲတွေ နှစ်ကြိမ်လုပ်ခဲ့ပြီးပါပြီ၊ အဲဒီနောက်ပိုင်းမှာ 3-Dimensional work လေးလုပ်ကြည့်ရင်ကောင်းမယ်ဆိုတဲ့ အတွေးစိတ်ကူးပေါ်လာတယ်၊ အဲဒါကြောင့် လုပ်ဖြစ်တာပါ၊ ဒီမှာ ခင်းကျင်းပြသထားတဲ့ အနုပညာလက်ရာတွေ အားလုံးဟာ လူတွေရဲ့အနီးကပ်ဆုံးမှာရှိနေတဲ့ ရုပ်ဝတ္ထုပုံစံတွေပါပဲ၊ ကျွန်တော် ကိုယ်တိုင်ကဘာတစ်ခုမှ ဖြည့်စွက်မွမ်းမံထားတာမျိုးမရှိဘူး"ဟု သရုပ်ဆောင်သျှားညိုကရှင်းပြသည်။

**လက်ရာမြောက်**

အနုပညာလက်ရာပေါင်း ၄၀ခန့်ကို စတီးလ်များဖြင့်သာ ပြုလုပ်ထားပြီး ပြသထားသော လက်ရာပစ္စည်းများမှာ ဘတ်စ်ကားဂိတ်၊ ကရိန်း၊ လူကူးတံတား၊ ကြော်ငြာဆိုင်းဘုတ်၊ တံတား၊ တစ်ထောင်တန်ငွေစက္ကူ၊ လျှပ်စစ်မီးတိုင်၊ ရုပ်မြင်သံကြား အသံလွှင့်မျှော်စင်၊ လှည်းတန်း မီးပွိုင့်အနီးက အထပ်မြင့် အဆောက်အအုံ စသည့် ပကတိရုပ်ဝတ္ထုပစ္စည်းများကို လက်ရာမြောက်စွာ အဓိပ္ပာယ် လေးနက်စွာ တင်ပြထားခြင်းဖြစ်သည်။

ယခု ပြသထားသည့် အနုပညာလက်ရာများအားလုံးကို စတီးလ်ဖြင့်ပြုလုပ်ရခြင်းနှင့်ပတ်သက်၍သရုပ်ဆောင် သျှားညိုက "စတီးလ်ရဲ့ သဘောကဘာအရောင်မှ မရှိဘူး၊ အရောင်မဲ့သဘော၊ ဒါကို သဘောကျတယ်၊ နောက်ပြီး သူ့မှာဝန်းကျင်က အရောင်တွေနဲ့ ပုံသဏ္ဌာန်တွေ လာထင်မယ်၊ အဲဒီဟာကိုလဲ အနုပညာတစ်ရပ် ယူသုံးချင်တာလဲပါတယ်၊ ဒါကြောင့် စတီးလ်ကို ရွေးချယ်ခဲ့တာပါ"ဟုမြန်မာ့အလင်းသို့ ရှင်းပြသည်။

**ခံစားမှုအသစ်**

ထို့အပြင် **"အကြောင်းအရာတွေ ထက်စာရင် ပုံသဏ္ဌာန်တွေ အပေါ်ပဲ ဂရုပြုထားတယ်၊ ဘာပုံအဖြစ်ကိုယ်စားပြုမှုထက်စာရင် အရာဝတ္ထုကိုယ်နှိုက်ကိုပဲတင်ပြချင်တာပါ၊ ကျွန်တော့်ပန်းပုတွေနဲ့ ကျွန်တော့်အကြားအားပြိုင်မှုဆိုပါတော့၊ ပတ်ဝန်းကျင်မှာ ရင်းနှီးကျွမ်းဝင်မှုရှိနေပြီဖြစ်တဲ့ အရာဝတ္ထုတွေရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်အသေတွေ နဲ့ မတူစေချင်တဲ့ ခံစားမှုအသစ်ကို ရရှိစေချင်လို့ ဖြစ်ပါတယ်"** ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထိုသို့ ရှင်းပြနေစဉ်မှာပင် ပြခန်းတစ်နေရာမှ တုံးခေါက်သံ ဆက်တိုက်ကြားလိုက်ရသည်။ တစ်ခါတစ်ရံ ဖြည်းဖြည်းမှန်မှန်၊ တစ်ခါတစ်ရံ မြန်မြန်၊ ထူးခြားသော အနေအထားကြောင့် မေးမြန်းကြည့်ရာ သျှားညိုက"အဲဒါအသံရဲ့ ပန်းပုပေါ့"ဟု အပြုံးနှင့်ပြောကြားသည်။ သိမ်မွေ့ နက်နဲသော အနုပညာရှင်တစ်ဦးဟု အသိအမှတ်ပြုရသည်။ ရုပ်ရှင်သရုပ်ဆောင်အဖြစ် ရိုးသားစွာ သရုပ်ဆောင်တတ်သလို အနုပညာလက်ရာများကို တင်ပြရာတွင်လည်း ရှင်းရှင်းလင်းလင်းနှင့် တွေးခေါ်မှု ပေးစွမ်းနိုင်အောင်လည်း စွမ်းဆောင်နိုင်သူ တစ်ဦးဖြစ်သည်။

**ထူးထူးခြားခြား**

ယခု ခင်းကျင်း ပြသထားသည့် သူ၏ အနုပညာလက်ရာပစ္စည်းများကို ၁၂ လကျော်ကြာမျှ ကြိုးစားပြုလုပ်ခဲ့ရသည်ဖြစ်ရာ စနစ်တကျအချိန်ယူ ပြင်ဆင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စိတ်ကူးသစ်၊ မြင်ကွင်းသစ်များကို ထူးထူးခြားခြားဖြစ်အောင် သမားရိုးကျရုပ်ဝတ္ထုများဖြင့် ဖော်ကျူးပြသထားခြင်းမှာ စိတ်ဝင်စားစရာ ကောင်းပေသည်။

မြန်မာ့ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်တစ်ဦး၏ ထူးခြားဆန်းကြယ်သော အနုပညာလက်ရာတင်ပြမှုအသစ်များကို ရှားရှားပါးပါး တွေ့မြင်ရမည့် အခွင့်အရေး တစ်ရပ်အဖြစ် သွားရောက်လေ့လာကြည့်ရှုသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



## ဆူးလေခုံးကျော်တံတား

**"ဆူးလေခုံးကျော်တံတားပုံစံကလည်း ကြည့်ရှုသူကို အာရုံခံစားမှုပေးစွမ်းနိုင်"ဟု ရှင်းပြနေသော ရုပ်ရှင်သရုပ်ဆောင် သျှားညို။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ယုတ်လျော့အောင် ပြည်တွင်းပြည်ပအဖျက်သမားများ လုပ်ဆောင် ထိပါးဖြိုခွဲမှုမှန်သမျှ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားတို့ဖြင့် ကာကွယ်တိုက်ဖျက်

# နိုင်ငံတော်သစ်တည်ဆောက်ရေး မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားလမ်းမရှိဟု ယုံကြည်

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)






## တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်ရှိရန် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ မှန်ကန်သည့် ဦးဆောင်မှုနှင့် စနစ်ဟောင်းက ပြည်သူများ လိုလားတောင့်တနေကြသည့် စနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ကာလလည်းဖြစ်ကြောင်း၊ စနစ်သစ်အရ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့စေရေးအတွက် အခြေခံကောင်းများကိုလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စွမ်းအားများနှင့် အစီအစဉ်ရှိရှိ တည်ဆောက်နေသည့် ကာလလည်းဖြစ်ကြောင်း။

## တိုးတက်လာ

နိုင်ငံတော်၏ နယ်မြေဒေသ အသီးသီးမှာရှိကြသည့် တိုင်းရင်းသား ပြည်သူများအတွင်းက ပြည်သူများနှင့် ဖွဲ့စည်းထားသည့်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူများနှင့်အတူ နိုင်ငံတော်သစ် ထူထောင်ရေး လုပ်ငန်းစဉ်များမှာ တက်ကြွစွာ ပါဝင်အကောင်အထည် ဖော်နေကြပြီဖြစ်ကြောင်း၊ အသင်းကြီးကို မွန်မြတ်သည့် ရည်ရွယ်ချက်၊ မှန်ကန်ခိုင်မာသည့် အခြေခံမူများ အပေါ် ရပ်တည် ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတိုင်း ပြည်သူများအကျိုး အတွက် နှစ်စဉ် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် နယ်မြေဒေသအသီးသီးမှာ ရှိနေကြသည့် လူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရရှိခဲ့ပြီး အသင်းဝင် အင်အားသည်လည်း ၂၃ ဒသမ ၈သန်းကျော်အထိ တိုးတက်လာသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း၊ အသင်းဝင်အင်အား တိုးတက်များပြားလာသည်နှင့်အမျှ ပြည်သူအကျိုးကို ပိုမိုသယ်ပိုး ရွက်ဆောင်သွားနိုင်ရေး အတွက် အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အသင်းကြီး၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ကျစ်လျစ်ခိုင်မာသည့် အရည်အချင်း ပြည့်ဝသည့် အင်အားစုကြီးအဖြစ် ရပ်တည်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုး တိုးတက်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်တစ်ဦးစီနှင့် ပေါင်းစုဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်အနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များမှာ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်း မြင့်မားတိုးတက်ရေးကိုလည်း အလေးထားရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေနှင့် စတင်ဖွဲ့စည်းသည့်အချိန်ကစပြီး အသင်းဝင်များ၏ အရည်အချင်း မြင့်မားတိုးတက်ရေးအတွက် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းဝင်များ၏ အရည်အချင်း တိုးတက် မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ၏ စုစည်းညီညွတ်သည့် စွမ်းအားအပေါ် အခြေပြု ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေနှင့် မိမိတို့၏ နယ်မြေလူထုအကျိုး ပိုမိုသယ်ပိုးနိုင်မှာ ဖြစ်ကြောင်း။

## နားလည်ခံယူ

အသင်းကြီးက ဖွင့်လှစ်သည့် သင်တန်းတိုင်းသည် တစ်ဦးချင်း တစ်ယောက်ချင်းအတွက် အရည်အချင်း မြင့်မားတိုးတက်စေမှာ ဖြစ်သော်လည်း တစ်ဦးချင်း တစ်ယောက်ချင်း အကျိုးထက် ပြည်သူများ အကျိုးအတွက် အသင်းအဆင့်ဆင့်က ပိုမိုတိုးတက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဆိုသည်ကို နားလည်ခံယူကြရမှာ ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် အမှုဆောင်များ စီမံခန့်ခွဲရေး အထူးသင်တန်းကိုလည်း အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အသင်းအဆင့်ဆင့်၏ စုစည်းညီညွတ်သည့် အားနှင့် ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ရန် အသင်းဝင်များ၏ စည်းရုံးရေးစွမ်းအားနှင့် လူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာစေရန် ယုံကြည်မျှော်မှန်းပြီး ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ အမှုဆောင်များ စီမံခန့်ခွဲရေး အထူးသင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ မှန်ကန်သည့် ဦးဆောင်မှုနှင့် နာခံခြင်း အလေ့အကျင့်ကောင်းများရရှိရေး၊ မှန်ကန်သည့် ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော တိုင်းကျိုးပြည်ပြု အင်အားစုအဖြစ် ရပ်တည်အကျိုးပြုနိုင်ရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အတွေ့အကြုံရင့်ကျက်သည့် နည်းပြများက ဆွေးနွေးပို့ချသွားမှာဖြစ်ကြောင်း။

## ပိုမိုသယ်ပိုး

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်းသို့ တက်ရောက်လာကြသူများသည် ပြည်နယ်၊ တိုင်းအသီးသီးမှ အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအကျိုးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည့်သူများ ဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ယုံကြည်ချက်၊ ခံယူချက်အပြည့်နှင့် လက်တွေ့ပါဝင် ဆောင်ရွက်နေကြသည့် အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများနှင့် ယှဉ်ပြီး နယ်မြေအကျိုးကို ပိုမိုသယ်ပိုးနိုင်အောင် လေ့လာသွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ရဲ့ စစ်မှန်သည့် အင်အားစုများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် သမိုင်းရေးဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံ လိုအပ်ချက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့်လည်း နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံ အုတ်မြစ်များ ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသား ပညာရည်မြင့်မားရေးအတွက် နယ်မြေ အသီးသီးတွင် ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်အတွက် အမှန်တကယ် အကျိုးရှိသည့် အခြေခံလိုအပ်ချက်များဖြစ်သည့်အတွက် နယ်မြေလူထု၏ စိတ်တူ သဘောတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိနေပြီဖြစ်ကြောင်း။

## မှန်ကန်သည့်ဦးဆောင်မှု

လက်ရှိအခြေအနေကို လေ့လာသုံးသပ်ကြည့်လျှင် နိုင်ငံတော် အကြီးအကဲ၏ မှန်ကန်သည့် ဦးဆောင်မှုနှင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့၏ စုစည်းညီညွတ်သည့် အားများကြောင့် နိုင်ငံတော်တစ်ဝန်းလုံးဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု ရှိနေသည်ဆိုသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ လက်ရှိကာလမှာ နိုင်ငံတော်သည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ချီသည့် ကာလကစပြီး တိုင်းရင်းသားလူမျိုး စုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချနေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ ပူးပေါင်းနေထိုင်ခဲ့ကြသည့် ခိုင်မြဲသော အစဉ်အလာကောင်းများ ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသားအချင်းချင်း ဉမကွဲ သိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်ကြသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ ရှင်သန်မှုများရှိကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ အသင်းဝင်အားလုံး စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးနေရေးအတွက် အစဉ်ဆောင်ရွက်သွားကြရမှာဖြစ်သကဲ့သို့ ထိပါးဖြိုခွဲမှုမှန်သမျှကိုလည်း တွန်းလှန်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အပေါ် အခြေခံသည့် စည်းလုံးညီညွတ်မှုကို စေတနာမှန်နှင့် တည်ဆောက်နိုင်ခဲ့သည့်အတွက် ဘယ်ခေတ်၊ ဘယ်အခါနှင့်မျှမတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး အစဉ်တည်တံ့ခိုင်မြဲပြီး အစဉ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန်အတွက် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့် အနာဂတ် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားလမ်းစဉ်မရှိဟု ယုံကြည်ထားပြီးဖြစ်သည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ကြောင်း၊ ဆက်လက်ပြီး လူထုတစ်ရပ်လုံးပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

## ဆက်လက်ကြိုးပမ်း

လက်ရှိ ဖြစ်ပေါ်ပြောင်းလဲမှုများသည် ပြည်သူတို့ လိုလားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေသည်ကို အထင်အရှားတွေ့ကြရမည် ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်း ပြည်ပ အဖျက်သမားအချို့နှင့် မီဒီယာအချို့က ရရှိနေသည့် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး တည်ငြိမ်မှုကို ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးယုတ်လျော့အောင် လုပ်ဆောင်နေကြသည်ကိုလည်း ဂရုပြုကြရမှာဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်မှုများသည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပျက်စီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း နှောင့်နှေးကြန့်ကြာမှုများဖြစ်စေနိုင်သည့်အတွက် အသင်းကြီးအနေဖြင့် ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုအားနှင့် ကာကွယ်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်ကို အမှန်အတိုင်း သိရှိစေရေးကိုလည်း ရှင်းလင်းကြရမှာဖြစ်သည့်အပြင် ရရှိနေသည့် ရလဒ်ကောင်းများခိုင်မြဲအောင်၊ ပိုမိုတိုးတက်ရရှိအောင် ပြည်သူတစ်ရပ်လုံးနှင့် ဆက်လက်ကြိုးပမ်း သွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **သင်တန်းကရရှိလာမည့် အသိပညာ အတတ်ပညာများကို အတွေ့အကြုံနှင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်မှာ ပြည်သူ့အကျိုး ပိုမို သယ်ပိုးနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း နယ်မြေအသီးသီးမှာ လက်တွေ့ကျသည့် လုပ်ဆောင်မှုများနှင့် နယ်မြေအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ဒို့တာဝန်အရေးသုံးပါး အခြေခံဖြစ်သည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားအောင် ဆောင်ရွက်ပြီး စည်းလုံးညီညွတ်မှုစွမ်းအားနှင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့်ဆောင်ရွက်သွားကြပါ။**
- **တာဝန်ရဲ့အရေးပါမှုကို နားလည်သဘောပေါက်စွာနှင့် အသင်းကြီး၏ ဦးဆောင်မှုကို ခံယူပြီး ကျစ်လျစ်သိပ်သည်းသည့် အမျိုးသားရေး အင်အားစုကြီးအဖြစ် နိုင်ငံအကျိုး၊ ပြည်သူအကျိုး သယ်ပိုး ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြပါ**

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**



၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက် ၅နာရီ မိနစ် ၄၀တွင် အဆိုပါ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ အစီအစဉ်အရ ဂေါက်သီးရိုက် ပြိုင်ပွဲဝင် အသင်း ၃၄ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူကြသည်။

## ဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က Tracer Ball များ ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဂေါက်သီးရိုက် ပြိုင်ပွဲ၌ ပါဝင်ကစားကြသည်။

## စတင်ယှဉ်ပြိုင်

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၄ သင်းတို့မှဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ၏ ပထမနေ့ ၁၈ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ ပြိုင်ပွဲကို ရပ်နားလိုက်သည်။

၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၁၀ရက် နံနက် ၆နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၄သင်းတို့မှ ဂေါက်သီးရိုက်အားကစား သမားများသည် သတ်မှတ်ပွဲစဉ်များ အတိုင်း ဆက်လက်ယှဉ်ပြိုင်ကြပြီး ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၆ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆုရအသင်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၃၄ သင်းမှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

## သီဆိုဖျော်ဖြေ

ဆုချီးမြှင့်ခြင်းအခမ်းအနား မစတင်မီ တေးသံရှင်များက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ၂၀၀၆ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ဆုဖလားချီးမြှင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၆ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲပထမနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာန အသင်းအတွက် အသင်းခေါင်းဆောင်အား ၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေး ဝန်ကြီးဌာန အသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ၂၀၀၆ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် တတိယဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်း၊ ဒုတိယဆုရ သစ်တောရေးရာဝန်ကြီး ဌာနအသင်းနှင့် ပထမဆုရ ကာကွယ် ရေးဝန်ကြီးဌာနအသင်းတို့အား ဆုများ ကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ကူညီ ပံ့ပိုးကြသည့် ရန်ကုန်မြို့တော်ဂေါက် ကွင်းမှ Marker များ ကိုယ်စား အုပ်ချုပ်ရေးမှူး၊မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ ခေတ်ပေါ်တေး ဂီတအဖွဲ့နှင့် တေးသံရှင်များအား ဂုဏ်ပြု ဆုငွေများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အသင်း လိုက် (အကျော့ပေး)ပြိုင်ပွဲနှင့် အသင်း လိုက် (အကျော့မဲ့) ပြိုင်ပွဲများတွင် အကောင်းဆုံးအရှုံးသမား ဆုရရှိကြသော အသင်းများ၊ Most Birdie၊ Most Par ၊ Longest Drive နှင့် Nearest Pin ဆု ရရှိကြသူများ၊ တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ တစ်ဦးချင်း (အကျော့မဲ့) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်တို့က အသင်းလိုက် အကောင်းဆုံး ရိုက်ချက်ရရှိသူများနှင့် တစ်ဦးချင်း(အကျော့ပေး) ပြိုင်ပွဲ၌ အဆင့်(၄)မှ (၂၀) အထိ ရရှိကြသူများအား ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၂၀၀၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် ပထမ ဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား ဆုပေးအပ်ချီးမြှင့် စဉ်။ (သတင်းစဉ်)



မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း အသင်းလိုက် (အကျော့မဲ့) ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၂၀၀၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၄၇၇ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၅၂၇ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာန အသင်းက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၅၄၈ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တတိယရရှိကြသည်။

### အသင်းလိုက်(အကျောမဲ့)

အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၂၁ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၆၆၅ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာန အသင်းက ဒုတိယ၊ စုစုပေါင်း ရိုက်ချက် ၆၆၆ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက တတိယရရှိသည်။

တစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးရဲထက်က စုစုပေါင်းရိုက်ချက် ၁၁၇ချက်ဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးထက်အောင်ခိုင်က စုစုပေါင်းရိုက်ချက် ၁၁၈ချက်ဖြင့် ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးဉာဏ်ကိုးက စုစုပေါင်းရိုက်ချက် ၁၂၀ဖြင့် တတိယရရှိသည်။

တစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဗိုလ်ကြီးရဲထက်က စုစုပေါင်းရိုက်ချက် ၁၅၃ချက်ဖြင့် ပထမ၊ ဗိုလ်ကြီးထက်အောင်ခိုင်က စုစုပေါင်းရိုက်ချက် ၁၅၄ချက်ဖြင့် ဒုတိယ၊ ဗိုလ်ကြီး ဉာဏ်ကိုးက စုစုပေါင်းရိုက်ချက် ၁၅၆ချက်ဖြင့် တတိယရရှိကြသည်။

Most Par ဆုကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးရဲမြင့်ကလည်းကောင်း၊ Most Birdie ဆုကို ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်ကြီးဇော်မင်းက လည်းကောင်း၊ Most Eagle ဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးရဲထက်က လည်းကောင်း အသီးသီးရရှိကြသည်။ (သတင်းစဉ်)

## ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသား စုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ၁၆ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် အလုံလမ်း အမှတ် ၃၅၀ရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ် Ball Room ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Project Pre-Show ပြပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၁

ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ ရုပ်ရှင်သရုပ်ဆောင်သျှားညိုက ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် Original Group ဒါရိုက်တာ ဒေါ်ကြည်ခင်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသော Stainless Steel ဖြင့် ပြုလုပ်ထားသော ရုပ်ရှင်သရုပ်ဆောင်သျှားညို၏ အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

### ပြသမည်

အဆိုပါပြပွဲကို ဒီဇင်ဘာ ၃၁ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ပြသလျက်ရှိသည်။ (သတင်းစဉ်)

## နေပြည်တော်ရှိ ဘောဂသိဒ္ဓိအပန်းဖြေ... 

## နေပြည်တော်ရှိ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း အဝေးပြေးကားဂိတ်များ၊ ပွဲရုံများနှင့် စားသောက်ဆိုင်များဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ဆောင်ရွက်လျက်ရှိသော ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ အဝေးပြေးကားဂိတ်များ၊ ပွဲရုံများနှင့် စားသောက်ဆိုင်များဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက်က အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်း၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) စိန်ရတုပွဲတော်ကို တစ်လကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) စိန်ရတုပွဲတော်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် ပထမအကြိမ် ပန်းပွဲတော်ကို ဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများအား ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပပြီး ပွဲတော်ကာလကို ဒီဇင်ဘာ၁၄ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ရက်အထိ တစ်လ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)





## သီရိဝေလာဆရာတော် ဂုဏဝိသိဋ္ဌ ပူဇာကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၆ဖြင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိဝေလာစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုတအား မွေးရပ်မြေ သရက်ခရိုင် ကံမမြို့နယ်မှ ဆရာတော် သံဃာတော်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက (၁၃၆၈ခုနှစ် ပြာသိုလဆန်း၁ရက်) ဒီဇင်ဘာ၁၉ရက်တွင် ကံမမြို့နယ် ချောက်ပင်ကျေးရွာ ဥတ္တရာရာမကျောင်း၌ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာသဘင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## တရားရုံးချုပ်(နေပြည်တော်) ပြစ်မှုဆိုင်ရာအထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁၁

တရားရုံးချုပ်(ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးဟန်ရှိန်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက်၁၀နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာအထူးအယူခံမှု သုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ခြောက်မှုကို ကြားနာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**တိုက် ၇၄/၇၆ အခန်း ၅၆ အနော်ရထာလမ်း ပုဇွန်တောင်မြို့နယ်နေ ဦးထွန်းလင်း-ဒေါ်သောင်းရီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။**

(က-ပ)



## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁၂-၂၀၀၆ (အင်္ဂါနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ထူးခြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | Sunday Talk |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | ၂၀၀၄ ခုနှစ် အကောင်းဆုံးဓာတ်ညွှန်းဆုရ ဦးငြိမ်းမင်းနှင့် တွေ့ဆုံခြင်း |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၀၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | ခြေထောက်သွေးလွှတ်ကြောရောဂါ (အပိုင်း-၃) (ဒေါက်တာခင်မောင်အေး) |
| ၉:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၄၅ | သဘာဝအလှများ စုဝေးရာ ပူတာအိုမြို့ |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၀:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၅ | KND 5B ဒီဇယ်အင်ဂျင် |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (အနုပညာရှင်များ) |
| ၁၀:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀ | အနုပညာရုပ်ဝန်းမှပဲ့တင်သံများ (၂၀၀၆ ခုနှစ် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲရန်ပုံငွေကပွဲ) |
| ၁၁:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅ | ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရှင်းမြစ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# အကြိုက်ပေး ဒီမိုကရေစီနှင့် အကျိုးပြု ဒီမိုကရေစီ

စောနန္ဒာ (မာန်အောင်)

ဒီမိုကရေစီဟူသော ဝေါဟာရသည် ဥရောပမှ ဆင်းသက်လာပေသည်။ အေသင်မြို့ပြနိုင်ငံတွင် စတင်အသုံးပြုခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် ဒီမိုကရေစီကို ကျင့်သုံးရာ၌ လူလူချင်းကျွန်ပြုသော ဥရောပ အေသင်မြို့ပြ နိုင်ငံတွင် လုံးဝမအောင်မြင်ခဲ့ပေ။ အလားတူ ယနေ့ကမ္ဘာတွင် ကြောက်မက်ဖွယ် အကောင်းဆုံး မူးယစ်ဆေးဝါး ဘိန်းပင်မျိုးစေ့မှာလည်း ဥရောပတွင် စတင်ပေါက်ရောက်သည်။ ဆေးဝါးကုသရေးတွင် အသုံးပြုရာမှ နောင်တွင် ဥရောပသားတို့သည် ဘိန်းပင်ကို နယ်ချဲ့ရာတွင် လက်နက်အဖြစ် အသုံးပြုခဲ့ကြပေသည်။

နောက်ပိုင်းတွင် ဒီမိုကရေစီဆိုသော ဝေါဟာရကို နိုင်ငံအသီးသီး၏ 'စံ'နှုန်းအတိုင်း ရှေ့တွင် နာမဝိသေသနတပ်၍ သုံးနှုန်းလာကြသည်ကို တွေ့ရပေသည်။ ဥပမာ-အရင်းရှင်ဒီမိုကရေစီ၊ ဆိုရှယ်လစ် ဒီမိုကရေစီ စသည်အားဖြင့် အသွင်အမျိုးမျိုး အဓိပ္ပာယ်ဖော်ဆောင်ကာ ကျင့်သုံးလာခဲ့ကြပေသည်။ "ဒီမိုကရေစီ လှိုင်းသည် ကမ္ဘာကိုလွှမ်းစေရမည်" ဟူသော နိုင်ငံကြီးအချို့၏ ကြွေးကြော်မှုသည် လက်တွေ့တွင် တိကျသော၊ ခိုင်မာသော အယူဝါဒအဖြစ် မတွေ့ရှိရပေ။ ယနေ့ကာလတွင်လည်း အများ၏ဆန္ဒဘဝနှင့် လုံးဝဥသုံ ကိုက်ညီသော ဒီမိုကရေစီ နိုင်ငံဟူ၍ကား ကမ္ဘာတွင် စံထားထောက်ပြစရာနိုင်ငံ မရှိသေးပေ။ နောင်တွင်လည်း ဒီမိုကရေစီဝေါဟာရ အနှစ်သာရနှင့် ရာနှုန်းပြည့် ကိုက်ညီကျင့်သုံးသော နိုင်ငံဟူ၍ ပေါ်ပေါက်ရန်မှာလည်း ခက်ခဲနေမည်ဖြစ်ပါသည်။ ဒီမိုကရေစီ ကျင့်သုံးမှုသည် နိုင်ငံအသီးသီး၏ ဘဝနှင့်လူနေမှုကို အခြေခံ၍ ရှေ့မှ နာမဝိသေသနတပ်ပြီး နိုင်ငံအလိုက် ပေါ်ပေါက်လာရမည်သာဖြစ်ပေသည်။

ဘိန်းကို နယ်ချဲ့ရာတွင် အသုံးပြုသကဲ့သို့ ဒီမိုကရေစီ စကားလုံးကိုလည်း ကိုလိုနီနယ်ချဲ့လက်သစ်တို့ အင်ပါယာချဲ့ထွင်ရာ၌ အများကြိုက် စကားလုံးအဖြစ် အသုံးပြုနေခြင်းကိုသာ တွေ့ရပေသည်။ ဒီမိုကရေစီဟူသော ဝေါဟာရကို သက်ဆိုင်ရာနိုင်ငံများ၏ စာပေစကားတွင် ပင်ကိုနာမ်အဖြစ် လက်ခံအသုံးပြုလာခဲ့ကြပေသည်။ အမှန်အားဖြင့် မြန်မာ ဝေါဟာရအလိုအရ ဒီမိုကရေစီကို "ဗဟုကျင့်စဉ်"ဟူ၍သာ အဓိပ္ပာယ်ယူဆရပါမည်။

မည်သို့ပင်ဖြစ်စေ ဗဟုဝါဒဖြစ်သော အကြင်ဒီမိုကရေစီသည် လူသားတို့၏ အကျိုးကိုသာ ဖော်ဆောင်ဖန်တီးရမည်ဖြစ်ပြီး လူများစု၏ အကြိုက်၊ လူများစု၏ အမြောက်အပင့်ကိုရအောင် ဆောင်ရွက်သော ဒီမိုကရေစီမျိုး မဖြစ်သင့်ပေ။ လူအများ၏အကြိုက်ကို ဖန်တီးရသည်မှာ လွယ်ကူသလောက် လူအများ၏အကျိုးကို သယ်ပိုးရန်မှာ ခက်ခဲလှပေသည်။

ထို့ကြောင့် အကြိုက်ပေး ဒီမိုကရေစီဟူသည် အများ၏ အကြိုက် မြှောက်ပင့်အားပေးမှုကိုသာ အလေးထားမျှော်ကိုးသည့် ဒီမိုကရေစီမျိုး ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးမဖြစ်ထွန်းပေ။ အကျိုးပြု ဒီမိုကရေစီမှာကား ပြည်သူအများစုကြီး၏ နိုင်ငံနှင့်လူမျိုး တိုးတက်မြင့်မားရေးကိုသာ အနစ်နာခံ၍ ဦးတည်ဆောင်ရွက်သည်။ ချီးမြှောက်လေးစားမှုကို ဂရုမထားဘဲ ကြိုးပမ်းဆောင်ရွက်သည့် ဒီမိုကရေစီမျိုးဖြစ်ပေသည်။ ပြည်သူများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသည်။

## အကြိုက်ပေး ဒီမိုကရေစီ

ဖြတ်သန်းလာခဲ့သော မြန်မာ့သမိုင်းတွင် အကြိုက်ပေး ဒီမိုကရေစီ၏ အားနည်းချက်များကို တင်ပြလိုပေသည်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရအုပ်ချုပ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးဖြစ်၏။ ဤတွင် အာဏာရနိုင်ငံရေးပါတီဖြစ်သည့် ဖဆပလသည် အာဏာ ဆက်လက်တည်မြဲရေးအတွက် ပါတီအသွင်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ရေး အသွင်ဖြင့်ဖြစ်စေ အကြိုက်ပေးဒီမိုကရေစီကို အသုံးပြုလာခဲ့ကြပေသည်။ နီးစပ်ရာ အသိုင်းအဝိုင်းများကို အင်ပို့လိုင်စင်များထုတ်ပေးခြင်း၊ ငွေအရင်း အနီးထုတ်ပေးခြင်းဖြင့် သူ့ထက်ငါ အကြိုက်ပေးစည်းရုံးလာခဲ့ကြသည်။ ဤသို့ဖြင့် နိုင်ငံအကျိုးပြု တည်ဆောက်ရေးလုပ်ငန်းများ အားနည်းလာခဲ့ပေသည်။ ဤသို့ အကြိုက်ပေးဒီမိုကရေစီကို လုပ်ဆောင်ရင်း ၁၉၅၈ခုနှစ် ဖဆပလအဖွဲ့ချုပ်၏ တတိယအကြိမ် ညီလာခံတွင် သန့်ရှင်းဖဆပလ (နုတင်)နှင့် တည်မြဲဖဆပလ(ဆွေငြိမ်း)ဟူ၍ ပြိုကွဲခဲ့ပေသည်။ ဤတွင် ပါတီတွင်း အုပ်စုအချင်းချင်း အနိုင်ရရေးအတွက် နီးစပ်ရာကို အကြိုက်ပေး စည်းရုံးခဲ့ကြပြန်သည်။ အမတ်များကို ငွေပေး၍ စည်းရုံး၏။ တစ်ဖက်မှာလည်း လူတစ်စု၏အကြိုက်ဖြစ်သော ပြည်နယ်ပေးရေးကတိ၊ ဘာသာရေး အကြိုက်ပေးစနစ် စသည်တို့ဖြင့် စည်းရုံးခဲ့ကြသည်။ နောက်ဆုံးတွင် ဖဆပလအဖွဲ့၏ ပင်မအခြေခံမှုများ ပျက်သုဉ်းကာ နိုင်ငံသာ ထိခိုက်နစ်နာခဲ့ရသည်။ နိုင်ငံရေးပါတီများက ထိုသို့ အကြိုက်ပေးဒီမိုကရေစီ မက်လုံး ကျင့်သုံးခဲ့၍ နောက်ဆုံး၌ နိုင်ငံမတည်ငြိမ်ဖြစ်ကာ ၁၉၆၂ခုနှစ်၌ တပ်မတော်က နိုင်ငံတော်၏တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရပေသည်။

## အကျိုးပြုဒီမိုကရေစီ

ရှေးမြန်မာတို့၏ ဘုရင်စနစ်ကာလတွင် နိုင်ငံအကျိုးပြု လုပ်ငန်းများကို တစိုက်မတ်မတ် ပြတ်သားစွာ ကျင့်သုံးခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင် ဘုရင်များ ရှိခဲ့ပေသည်။ ဘုရင့်နောင်၏မျိုးနွယ် အနောက်ဘက်လွန်မင်းသည် နယ်ချဲ့ပေါ်တူဂီ ဖီးလစ်ဒီဘရစ်တို(ခေါ်) ငဇင်ကာအား လူပုံအလယ်တွင် တံကျင်လျှို၍သတ်ခဲ့သည်။ အများက ချစ်ခင်သည့် ရတုဘုရင် နတ်သျှင်နောင်ကိုလည်း ပြည်သူ့သစ္စာဖောက်အဖြစ် အဆုံးစီရင်ခဲ့ပေသည်။ အများအကြိုက်ကိုမလိုက်ဘဲ နယ်ချဲ့၏ခြေကုပ်ကို ပြတ်ပြတ်သားသား အမြစ်ဖြုတ်ခဲ့ပေသည်။

ကုန်းဘောင်ခေတ်ကို ထူထောင်ခဲ့သည့် ဦးအောင်ဇေယျ (ခေါ်) အလောင်းဘုရား၏ နိုင်ငံအကျိုးပြုအုပ်ချုပ်ရေးစနစ် မှာလည်း မှတ်သားစရာကောင်းသည်။ အာရှနိုင်ငံအများစုကပင် စံနမူနာယူခဲ့သည်ဟု ဆိုစကားရှိခဲ့သည်။ ၎င်းမှာ နယ်မြေဒေသ မြို့ရွာအလိုက် အုပ်ချုပ်ရေးတာဝန်ကို အာမခံ ခွဲဝေပေးထား၏။ မြို့ရွာနယ်ပယ်တစ်ခုတွင် သူခိုး၊ ဓားပြကြောင့် ဥစ္စာပျောက်ဆုံးပါက ထိုမြို့ရွာကိုအုပ်ချုပ်သော အကြီးအကဲက ပေးလျော်ရသည်။ ရွာနှစ်ရွာအကြားတွင် ဓားပြတိုက်က နီးသောရွာမှ အကြီးအကဲက ပေးလျော်ရသည်။ ဤသို့ပြုလုပ်ပေးခြင်းဖြင့် မင်းမှုထမ်းတို့သည် မိမိတာဝန်ကို အမြဲတစေ ဂရုစိုက်လာကြပေသည်။ အုပ်ချုပ်မှုယန္တရားများမှာ စနစ်တကျလည်ပတ်ခဲ့သည်။ သူခိုး၊ဓားပြများ မပေါ်နိုင်အောင် မင်းမှုထမ်းများက ကြိုးပမ်းရပေသည်။ အထက်အမိန့် ဥပဒေကို တိကျစွာ လိုက်နာကြရသည်။ ဖုံးကွယ်ထား၍လည်းမရ။ ပြည်သူများမှာ ထူးခြားသော ငြိမ်းချမ်းမှုကို ရရှိခဲ့ကြသည်။ ရာထူး နိမ့်၊ မြင့်အလိုက် ပသ ကိုးကွယ်သည့် အဂတိ လိုက်စားမှုမျိုးကို ရှာ၍ပင်မရဟု မှတ်သားခဲ့ရဖူးပါသည်။

သမိုင်း ရာဇဝင်တွင်မဟုတ်၊ ဇာတ်နိပါတ်တို့တွင်လည်း ဝတ္ထုပုံပြင်များ ရှိနေပါသည်။ ရှေးတုန်းက သမ္မာကရဏအမည်ရှိ ဘုရင်သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၏။ ပြည်သူအပေါ် မေတ္တာထား၏၊ သနားကြင်နာ၏၊ ပြည်သူချစ် ဘုရင်တစ်ပါးဖြစ်သည်။ ဘုရင်သည် ပြည်သူကို မေတ္တာထားသည်နှင့်အမျှ ပြည်သူ့ဘဝကို ထာဝရသိလို၏။ တစ်နေ့တွင် ဗေဒင်ပညာရှင်အမတ်ကြီးကိုခေါ်၍ ဗေဒင်တွက်ချက်စေသည်။ ဗေဒင်ပညာရှင်က အရှင်မင်းမြတ်သည် ကိန်းခန်းအရ ဘုန်းတန်ခိုး ယခုထက် မြင့်မားလာမည်၊ မည်သည့်အန္တရာယ်မှ မကျရောက်နိုင်၊ ချမ်းသာသုခနှင့် ထာဝရကြုံနေကြောင်း လျှောက်ထား၏။ အခြားသော ဆိုင်ရာဆိုင်ရာ အမတ်ကြီးများအား မေးမြန်းသည့်အခါတွင်လည်း အမတ်ကြီးများက "အရှင်မင်းကြီး၏ ဘုန်းတန်ခိုးကြောင့် ပြည်သူအများ တစ်နေ့တခြား စီးပွားဥစ္စာဖွံ့ဖြိုး၏။ တရားဥပဒေလမ်းကြောင်းလဲ မတိမ်းမစောင်း ရှိပါ၏"ဟု လျှောက်တင်ကြသည်။

လသာသောတစ်ညတွင် ဘုရင်သည် နိုင်ငံတော်ကို စနည်းနာထွက်ခဲ့သည်။ ရွာတစ်ရွာ၏ ကွပ်ပျစ်သာတွင် လူတစ်စုဆွေးနွေးနေကြသည်ကို တွေ့၏။ ထိုတစ်စုထဲမှ ဗေဒင်ဆရာပုဏ္ဏားငယ်တစ်ယောက်သည် ဘုရင်၏ အကြောင်းကို ဗေဒင်တွက်ချက်ပြီး "တို့ဘုရင်ဟာ အန္တရာယ်တစ်ခုခု ကြုံနိုင်တယ်၊ သို့သော် ခဏသာဖြစ်မည်"ဟု ဟောပြနေသည်ကို ဘုရင်မင်းကြီးသည် မယောင်မလည်ရပ်၍ နားစွင့်နေ၏။ ထို့နောက် ဆက်လက်၍ စနည်းနာ ထွက်ခဲ့သည်။ ထိုရွာမှအထွက် အခြားတစ်ရွာမရောက်မီ လမ်းခုလတ်တွင် ဓားလက်နက်အစုံ ကိုင်ဆောင်ထားသော ဓားပြများက ဘုရင်ကို ချည်နှောင်၍ တောနက်ထဲသို့ ခေါ်ဆောင်သွားကြသည်။ ဓားပြများက ပါလာသောပစ္စည်းပေးရန်ပြောရာ ဘုရင်က မိမိတွင် ပါလာသော အသပြာနှစ်စကို ထုတ်၍ပေး၏။ ဓားပြက ကျေနပ်ပြီး "ကဲပြန်တော့၊ ဒါပေမယ့် အထက်ကို တင်ပြတိုင်ကြားခြင်းတော့ မလုပ်နဲ့၊ ဒီနယ်ကို အုပ်ချုပ်တဲ့နယ်စားကို တို့ဝေစုပေးပြီးသားကွ"ဟု ပြောလိုက်၏။ ဘုရင်က မတိုင်ရဲပါဘူး၊ အခြားနယ်တွေ၊ ရွာတွေမှာလည်း ဒီလိုပဲလားဟု မေး၏၊ အများအားဖြင့် နယ်တိုင်း၊ ရွာတိုင်းမှာလိုလိုပဲဟု ငေါက်ငမ်းပြောသဖြင့် ဘုရင်လည်း အမြန်ထွက်ခွာလာခဲ့သည်။

ဘုရင်နန်းတော်ပြန်ရောက်ပြီး နံနက်မိုးသောက်သောအခါ ဗေဒင်ဆရာများနှင့် အမတ်ကြီးများကိုခေါ်၍ ညီလာခံတွင် ရှေ့တော်သို့ဝင်စေ၏။ အမတ်ကြီးများက အမျက်ထွက်နေသည့် ဘုရင်ကိုမြင်တွေ့ရ၍ ကြောက်လန့်နေကြပေသည်။ ဘုရင်မင်းမြတ်က စနည်းနာခဲ့သည့် အဖြစ်သနစ်များကို မိန့်ကြား၏။ ထို့နောက် တွေ့ခဲ့ရသည့် ဗေဒင်ဆရာ ပုဏ္ဏားငယ်ကို ခေါ်ပြီး ဘုရင်၏ အမြင့်မားဆုံး သက်တော်ရှည် ပညာရှိအမတ်ခန့်အပ်၏။ မင်းမြှောက်ကပ်ပါး မြှောက်ပင့်စကား လိမ်လည်ပြောတတ်သော အမတ်ကြီးအချို့နှင့် လက်အောက်ခံ ရွာစား နယ်စားအဆင့်ဆင့်တို့ကိုလည်း အပြစ်ပေး၏။ ဥပဒေစည်းကမ်းလိုက်နာသည့် နိုင်ငံအကျိုးပြုစေတနာရှင် အမှုထမ်းများအား ရာထူးတိုးမြှင့်ပေးကာ အုပ်ချုပ်စေခဲ့၏။

**မည်သည့်ခေတ် အုပ်ချုပ်ရေးစနစ်မျိုးတွင်မဆို ဤသို့သော ဝိသမလောဘသမား မင်းမြှောက်ကပ်ပါး လိမ်လည်တတ်သော၊ မြှောက်ပင့်ပြောဆိုတတ်သော ပုဂ္ဂိုလ်များ ပါဝင်လာစမြဲဖြစ်၏။ ထိုသူများကို ယုံကြည်၍ တာဝန်ပေးခြင်းကြောင့် နိုင်ငံနစ်နာ၏။ ပြည်သူများ ဒုက္ခရောက်၏။ သမ္မာကရဏမင်းကမူ ထိုမင်းမြှောက်ကပ်ပါးတို့၏ အကြိုက်ကိုမလိုက်၊ လိမ်ညာမှုကို မခံယူ၊ ပြည်သူ့အကျိုးပြုရေးကိုသာ ဦးထိပ်ထားဆောင်ရွက်ခဲ့သည်ကို တွေ့ရ၏။**

**အကြိုက်ပေး ဒီမိုကရေစီသည် အများပြည်သူကို နစ်နာစေ၍ နိုင်ငံလည်း မတိုးတက်နိုင်ပေ။ တရားဥပဒေစိုးမိုးမှုမရှိ၊ လူတစ်စု၊ ပါတီတစ်ခုအတွက် လိုအပ်သလို စည်းရုံးကျင့်သုံးသော စနစ်ဖြစ်၏။**

**အကျိုးပြု ဒီမိုကရေစီကား နိုင်ငံကိုချစ်၍ အနစ်နာခံကာ စေတနာမှန်ဖြင့် တိကျ ပြတ်သားစွာ ကျင့်သုံး၍ ပြည်သူအများစု ချမ်းသာကြွယ်ဝ၏၊ နိုင်ငံတိုးတက်ဖွံ့ဖြိုး၏။**

မြန်မာနိုင်ငံတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံ ကျင်းပဆောင်ရွက်နေ၏။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အသေးစိတ် အခြေခံရမည့်မှုများကို အမျိုးသားညီလာခံတွင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးချမှတ်နေရာ အများစုကို ချမှတ်ပြီးစီးနေပြီဖြစ်၏။ အဆိုပါ အသေးစိတ်အခြေခံမှုများအရ ရေးဆွဲပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ အကျိုးပြု ဒီမိုကရေစီကို ပြဋ္ဌာန်းဖော်ညွှန်းပေးမည်ဖြစ်၏။ ဖြစ်ပေါ်လာမည့် အခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံနှင့်လူမျိုးကို အကျိုးပြုမည့် အုပ်ချုပ်ရေး ယန္တရား အခြေခိုင်ကောင်းမွန်အောင် ပြုပြင်ဖွဲ့စည်းမှုများကိုလည်း ပြုလုပ်ပေးနေပြီဖြစ်၏။

ထို့ကြောင့် အကျိုးပြုဒီမိုကရေစီကို ဝိုင်းဝန်းဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါ၏။ ။

အကြိုက်ပေး ဒီမိုကရေစီသည် အများပြည်သူကို နစ်နာစေ၍ နိုင်ငံလည်း မတိုးတက်နိုင်ပေ၊ တရားဥပဒေ စိုးမိုးမှုမရှိ၊ လူတစ်စု၊ ပါတီတစ်ခုအတွက် လိုအပ်သလို စည်းရုံးကျင့်သုံးသော စနစ်ဖြစ်၏။

အကျိုးပြု ဒီမိုကရေစီကား နိုင်ငံကိုချစ်၍ အနစ်နာခံကာ စေတနာမှန်ဖြင့် တိကျပြတ်သားစွာ ကျင့်သုံး၍ ပြည်သူအများစု ချမ်းသာကြွယ်ဝ၏၊ နိုင်ငံတိုးတက် ဖွံ့ဖြိုး၏။

# အမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်း စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင်ဆောင်ရွက် စက်ယန္တရားကြီးများ စွမ်းအားပြည့်အသုံးပြု

ရန်ကုန် ဒီဇင်ဘာ ၁၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက စစ်တောင်းတံတား (မုပ္ပလင်)မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ စစ်တောင်းတံတား ဝေါဘက်ကမ်းချဉ်းကပ်လမ်းလုပ်ငန်းနှင့် ရန်ကုန်–ပဲခူးခြောက်လမ်းသွား ကတ္တရာလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အမှတ်(၃)လမ်းဆုံမှ ဘောနပ်ကြီး အပိုင်း၊ ရန်ကုန်တိုင်းလမ်းအပိုင်း၏ မိုင်(၀/၀)မှ (၃၀/၀) အထိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးတင်ဆန်းက မြေသားတာပေါင်တင်ခြင်းလုပ်ငန်း၊ ၂၇ ပေ အကျယ် ၆ လက်မထု ဒုတိယ အခြေခံလွှာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း၊ ၂၅ ပေ အကျယ် ၁၂ လက်မထု အခြေခံလွှာ (ထပ်ပိုးလွှာ) ကွန်ကရစ်ခင်းခြင်း လုပ်ငန်း၊ တံတားများ၊ ရေပြွန်များ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းပံ့ပိုးပေး**

ယင်းနောက် ဝန်ကြီးက အမြန်လမ်းမကြီးဖောက်လုပ်ရေး လုပ်ငန်းကို သတ်မှတ် စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီ၍ သတ်မှတ်ချိန် အမီပြီးအောင် ဆောင်ရွက်ရန် အင်ဂျင်နီယာများကလည်း လုပ်ငန်းကို စဉ်ဆက်မပြတ် အချိန်ပြည့်ကြီးကြပ် လုပ်ကိုင်ကြရန်၊ လမ်းနှင့် တံတားများ၏ ဆက်စပ်မှု အနိမ့်အမြင့်ကို ညီညာမှုရှိရန် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ကြရန်၊ စက်ယန္တရားကြီးများ စွမ်းအားဖြင့် အသုံးပြုဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပံ့ပိုးပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်း (၂) ရပ်ကွက် ဒေါလုပန်းလမ်း အမှတ် (၁၃–အေ) နေ ဦးခင်မောင်–ဒေါ်ငွေရှင်၊ သမီး ဒေါက်တာစုစုမင်း၊ ဒေါက်တာယုယုသင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး



အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို မင်းကွန်းအနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နီ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# သန့်လေးသန့် ကျန်းမာရေးပညာပေးဇာတ်ညွှန်းပြိုင်ပွဲ ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် UNICEF(Yangon)တို့ ကြီးမှူးကျင်းပသည့် သန့်လေးသန့် ကျန်းမာရေးပညာပေး ဇာတ်ညွှန်းပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဒါရိုက်တာအကယ်ဒမီ ဦးကြည်စိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပူးပေါင်းဦးစီးကော်မတီနှင့် UNICEF(Yangon)မှကိုယ်စားလှယ် Mr. Waldemar Pickardt က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စား ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်က အကဲဖြတ်အဖွဲ့သို့ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ရာ အကဲဖြတ်အဖွဲ့ကိုယ်စား ဦးချစ်သန်းမြင့်က လက်ခံယူသည်။

**ဆုများချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ အကယ်ဒမီ ဦးကြည်စိုးထွန်းက ကာတွန်းဇာတ်လမ်း(Animation) ပြိုင်ပွဲတွင် ရေသန့်ပြိုင်ပွဲဆုရ ဦးတင်ဝင်းလှိုင် (ကာတွန်းထက်ပိုး)၏ "ရေတွင်းနှင့် အိမ်သာ"၊ လက်သန့် ပြိုင်ပွဲဆုရ ဦးဝဏ္ဏကျော် (ဝဏ္ဏကျော်) ၏ "ခေတ်မီတဲ့ အလှူပွဲ"၊ အစာသန့် ပြိုင်ပွဲဆုရ ဦးမောင်မောင်ငွေး (ကာတွန်းအောင်မင်းမင်း)၏ "အစာသန့်ရှင်းစင်ကြယ်မှု သတိပြု"နှင့် အိမ်သာသန့်ပြိုင်ပွဲဆုရ ဦးမောင်မောင်ငွေး (ကာတွန်းအောင်မင်းမင်း) ၏ "အိမ်သာသန့်ရှင်း စင်ကြယ်မှု" တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် UNICEF(Yangon) မှ ကိုယ်စားလှယ် Mr. Waldemar Pickardt က ရုပ်မြင်သံကြားကြော်ငြာ (TV-Spot) ပြိုင်ပွဲတွင် ရေသန့်ပြိုင်ပွဲဆုရ ဦးမျိုးသန့်(ကာတွန်းမောင်နန္ဒ)၏ "ရေသန့်ရှင်းစင်ကြယ်မှု"၊ လက်သန့်ပြိုင်ပွဲဆုရ ဦးသာထွန်းခိုင်(နေရဲရဲ)၏ "လက်မည်းကြီး"၊ အစာသန့်ပြိုင်ပွဲဆုရ ဒေါ်အေးမိသန်း (သွဲ့–မဟာသိပ္ပံ)၏ "အစာသန့်ဖို့ ကြိုးစားစို့"နှင့် အိမ်သာသန့် ပြိုင်ပွဲဆုရ ဦးမောင်မောင်ဇင် (ဂေါ်ဇီလာ)၏ "အိမ်သာသန့်ရှင်းရေး" တို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ သန့်လေးသန့် စီမံကိန်းမန်နေဂျာ ဒေါက်တာခင်မောင်လွင်က ဇာတ်လမ်းတို (Short Clip) ပြိုင်ပွဲတွင် ရေသန့်ပြိုင်ပွဲဆုရ ဦးဘုန်းဝေ (ဘုန်းဝေ/ခင်ဘုန်းဝေ)၏ "ချောင်းကမ်းဘေးက ရွာကလေး"၊ လက်သန့်ပြိုင်ပွဲဆုရ ဒေါ်ကေရီဇေယျ(ဒေါ်ရိုးရိုး)၏ "ဖြတ်လျှောက်ယုံလေး လျှောက်ဖြစ်တော့မှာပါ"၊ အစာသန့်ပြိုင်ပွဲဆုရ ဦးသိန်းထွန်းဦး (စိုးရနောင်)၏ "အာဟာရဖြစ်ဖို့ အစာသန့်စို့"နှင့်




အိမ်သာသန့်ပြိုင်ပွဲဆုရ ဦးအောင်သန်း (မြေနီသစ္စာ)၏ "လုံလေးလုံ"တို့အား ဆုများချီးမြှင့်သည်။**(အပေါ်ပုံ)**

**ဂုဏ်ပြုလက်မှတ်ပေးအပ်**

ယင်းနောက် သန့်လေးသန့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက သန့်လေးသန့် အထူးဆုရ နန်းမိုနာသန်းညွှန့် (နန်းမိုးနွယ်)၏ "အလှတရား၏ လျှို့ဝှက်ချက်"အား ဆုချီးမြှင့်ပြီး သန့်လေးသန့် ကျန်းမာရေးပညာပေး ဇာတ်ညွှန်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်သူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ ရွှေတဂူသစ္စာအဓိဋ္ဌာန် ငါးရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြောက်ဥက္ကလာပမြို့ ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်း ငွေပေါ်ကျွန်း ရွှေတဂူ ဓမ္မဗိမာန်တော်ကြီးတွင် ဗုဒ္ဓအလိုတော်ကျ သာသနာဖြန့် မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်ကမ္မဋ္ဌာန်းမှုနှင့်အညီ ဒီဇင်ဘာ ၂၃ရက်မှ ၂၇ရက်အထိ ငါးရက်တရား စခန်းဖွင့်၍ ငွေပေါ်ကျွန်းဗုဒ္ဓဒူတရွှေတဂူ ဆရာတော် အရှင် စန္ဒာသူရိယမဟိဒ္ဓိ အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဒီဇင်ဘာ ၂၂ ရက် (သောကြာနေ့) ညနေအရောက် လာရောက်ပါရန်နှင့် ဦးငွေဟိန်း ဖုန်း–၀၉–၅၁၈၀၈၁၁၊ ၆၉၉၁၉၅၊ ဦးစိုးနိုင် (ရွှေကမ္ဘာအပေါင်ဆိုင်) ဖုန်း–၀၉–၅၁၄၂၈၄၄၊ ဦးတင်ရီ ဖုန်း–၀၉–၅၁၃၇၄၅၅ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# နေပြည်တော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပထမအကြိမ် အသိပညာပေးပြပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

**နေပြည်တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျသွားလာနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးပြပွဲ တစ်ရပ်ခင်းကျင်းပြသရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နေပြည်တော်က စီစဉ်လျက်ရှိကြောင်း၊ ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပျဉ်းမနားမြို့ အထက(၁)တွင် ကျင်းပရန် စီစဉ်ထားရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲများ၊ ပဟေဠိမေးခွန်းပြိုင်ပွဲနှင့် ကွန်ပျူတာအမေး အဖြေပြိုင်ပွဲများ၊ ဌာနဆိုင်ရာအသီးသီးမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးပြခန်းများ အထောက်အကူပြုအရောင်းပြခန်းနှင့် ပြကွက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စင်တင်ဖျော်ဖြေမှု ပြကွက်များ အစရှိသည်တို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယင်းပြပွဲတွင် ပြခန်းဖွင့်လှစ်၍ လာရောက်ပြသလိုသူများ၊ အရောင်းပြခန်းဖွင့်လှစ်လိုသူများ အနေဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဖုန်း–၀၃၂–၃၀၀၀၆နှင့် ၀၃၂–၃၀၀၇၉ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# အောင်ဆန်းသူရိယ လှသောင်းကျောင်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

အထက(၂) မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၁ မှ ၁၉၇၂ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော အဆောင်နေကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) မင်္ဂလာဒုံလှသောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း) ဖုန်း–၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း–၂၂၉၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း–၅၇၃၃၁၈၊ ၀၉–၅၀–၀၀၉၄၁၊ ဦးထင်အောင် ဖုန်း ၀၉–၅၀–၀၀၇၆၃ နှင့် ဖုန်း–၂၄၄၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**ဒီဇင်ဘာ ၆ ရက်က ကျင်းပသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ငါးရှဉ့်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ ရွေးချယ်ပွဲတွင် ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက ဦးစိုးဝင်း အမှာစကားပြောကြားစဉ်။** (က–ပ)

# ပထဝီဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော တက္ကသိုလ်များပထဝီဝင်ဌာနမှ အသက်(၆၅)နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထဝီဝင်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ရက်(စနေနေ့) ညနေ ၃နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၆ နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park-2၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားထားသည်။ အလှူငွေများကို ဒေါ်ခင်သန်းဆွေ ဖုန်း–၆၆၆၀၄၅၊ ၅၀၁၂၁၁၊ ဦးတင်မောင်ညွှန့် ဖုန်း–၀၉–၅၁၇၃၇၃၈၊ ဦးချားလ် ဖုန်း–၀၉–၅၀၀–၇၇၁၂၊ ဦးဘသောင်း ဖုန်း–၂၂၉၁၇၄၊ ဦးမြင့်အေး ဖုန်း–၀၉–၅၀၀–၈၅၃၀၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၅၃၆၉၄၃ နှင့် ဒေါ်နီနီအေး ဖုန်း–၀၉–၅၀၀–၆၇၈၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ဒိုဟာအာရှအားကစားပြိုင်ပွဲ စံချိန်မှတ်တမ်း

ဒိုဟာ ဒီဇင်ဘာ ၁၁

(၁၅)ကြိမ်မြောက် ဒိုဟာ အာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့သည်။



အမျိုးသမီးမီတာ ၄၀၀ ပြေးပွဲတွင် ကာဇက်စတန်မှ တီရက်စ်ကိုဗာ (ယာ)နှင့် အိန္ဒိယနိုင်ငံမှ မန်ဂျက်ကာယာတို့ ပန်းဝင်လာသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

### ဘောလုံး

အီရန် အမျိုးသားဘောလုံး အသင်းသည် တရုတ်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့၍ ပယ်နယ်တီကန်သွင်းရာ အီရန်အသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရေးသားတင်ပြသူ - မြင့်မောင်စိုး

### မီတာ ၈၀၀ အပြေး

ဘာရိန်းမှ မာယမ်းယူဆွပ်သည် အမျိုးသမီးမီတာ ၈၀၀ ပြေးပွဲတွင် စံချိန်နှစ်မိနစ်နှင့် ၁ ဒသမ ၇၉ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ပြီး အိန္ဒိယမှ ဆန်တီဆောင်ဒါရာဂျန်က စံချိန် နှစ်မိနစ်နှင့် ၀၃ ဒသမ ၁၆ စက္ကန့်ဖြင့် ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကာဇက်စတန်မှ ဗစ်တိုးရီးယားက ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

### အလျားခုန်

ဆော်ဒီအာရေဗျမှ ဟူစိန်တာ ဟာအယ်ဆာဘားသည် အမြင့် ၈ ဒသမ ၀၂ မီတာခုန်ပြီး အမျိုးသား အလျားခုန် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### ဟက်သလွန်

ကာဇက်စတန်မှ အော်ဂါရိုင်ပါ ကိုဗာသည် အမြင့်ခုန်နှင့် အလျားခုန် အားကစားများပါဝင်သော အမျိုးသမီးအားကစားပြေးခုန်ပစ်ပြိုင်ပွဲ ခုနစ်မျိုး ပါဝင်သော ဟက်သလွန်



အမျိုးသားမာရသွန်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကာတာနိုင်ငံမှ မူဘာရက်ဟက်ဆန်အား ဆုတံဆိပ်နှင့်အတူ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)



အမျိုးသမီး လုံတံပစ်တွင် အနိုင်ရ ဗိုလ်စွဲသွားသော ထိုင်းနိုင်ငံမှ ဘူအိုဘန်ပါမန်အား ဆုယူအပြီး ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ပြိုင်ပွဲတွင် ရမှတ် ၅၉၅၅ ဖြင့် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိန္ဒိယမှ ဆိုမာဘစ်ဝပ်နှင့် ဂျေဂျေရှိုဟာတို့သည် ငွေတံဆိပ်နှင့် ကြေးတံဆိပ် အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

### စက်ဘီး

တရုတ်နိုင်ငံသား ဖန်ယောင်းသည် အမျိုးသားတစ်ကီလိုမီတာ စက်ဘီးစီးပြိုင်ပွဲတွင် စံချိန် တစ်မိနစ်နှင့် ၀၄ ဒသမ ၆၀၇ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးပြီး ဂျပန်မှ ယူရှိုကီကာဝါက ငွေတံဆိပ်ဆွတ်ခူးကာ တောင်ကိုရီးယားမှ ကင်ဒေါင်ကျင်းက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### ကြက်တောင်

အမျိုးသားကြက်တောင် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် မလေးရှားမှ ကူးကီရင်ကက်နှင့် တန်ဘွန်ဟေယွန်တို့အတွဲက အင်ဒိုနီးရှားမှ ဟိုက်ဒီရန်တို့နှင့် ချန်ဒရာတို့အတွဲကို အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### နပန်း

ဂျပန်နပန်းသမား မာကိုတိုဆာဆာမိုတိုသည် ကီလို ၆၀တန်းတွင် တရုတ်နိုင်ငံသား ရှန်ကျိုကျန်ကို အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဥဇဘက်ကစ္စတန်မှ အရီပေါ့နှင့် ကာဂျစ်စတန်မှ ရှစလမ်းတို့သည် ပူးတွဲကြေးတံဆိပ် ရရှိခဲ့သည်။

အမျိုးသား ၉၆ ကီလိုတန်း ခရက်ကို-ရိုမန် နပန်းပြိုင်ပွဲတွင် တောင်ကိုရီးယား နပန်းသမား ဟန်တေရန်းက အီရန်မှ မာဆွပ်ဟာရင်ကိုနိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

### မာရသွန်

အမျိုးသားမာရသွန်ပြိုင်ပွဲတွင် ကာတာနိုင်ငံမှ မူဘာရက်ဟက်ဆန်ဆာမိက ရွှေတံဆိပ်၊ ဘာရိန်းမှ ခါးလစ်ကာမယ်ရက်ဆင်က ငွေတံဆိပ်ဆွတ်ခူးပြီး ဂျပန်မှ အိုဆာကီက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### တန်းကျော်ပြေး

အမျိုးသမီးမီတာ ၁၀၀တန်းကျော်ပြေးပွဲတွင် တရုတ်နိုင်ငံမှ ရှုကျင်းက ရွှေတံဆိပ်ဆွတ်ခူးပြီး ငွေတံဆိပ်ကို တစ်နိုင်ငံတည်းသူ ဖန်ယွန်က ဆွတ်ခူးနိုင်ခဲ့ကာ တောင်ကိုရီးယားမှ လီရီယွန်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### မီတာ ၄၀၀

အမျိုးသားမီတာ၄၀၀ပြေးပွဲတွင် ဆော်ဒီအာရေဗျမှဟမ်ဒန်အောဒက်အယ်ဘစ်ရှီးက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ပြေးပွဲတွင် ကာဇက်စတန်မှ အိုဂါတီရက်စ်ကိုဗာက ရွှေတံဆိပ်ဆွတ်ခူးပြီး အိန္ဒိယမှ မန်ဂျက်ကာယာက ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### မီတာ ၂၀၀

အမျိုးသမီး မီတာ ၂၀၀ပြေးပွဲတွင် ဘာရိန်းမှ အယ်ဂါဆာရာက ရွှေ၊ တရုတ်မှ ချန်ချူက ငွေတံဆိပ်ဆွတ်ခူးပြီး ဟောင်ကောင်မှ လီယန်ဟူဆီက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### လုံတံပစ်

ထိုင်းမှ ဘူအိုဘန်ပါမန်သည် အမျိုးသမီးလုံတံပစ်တွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှု

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၀၅ | ၆၂ | ၃၃ | ၂၀၀ |
| ၂။ | ဂျပန် | ၃၆ | ၄၃ | ၅၁ | ၁၃၀ |
| ၃။ | တောင်ကိုရီးယား | ၂၈ | ၃၃ | ၆၁ | ၁၂၂ |
| ၄။ | ကာဇက်စတန် | ၁၆ | ၁၀ | ၃၀ | ၅၆ |
| ၅။ | ထိုင်း | ၇ | ၁၀ | ၁၇ | ၃၄ |
| ၆။ | တရုတ်(တိုင်ပေ) | ၇ | ၄ | ၁၄ | ၂၅ |
| ၇။ | အိန္ဒိယ | ၆ | ၁၂ | ၁၂ | ၃၀ |
| ၈။ | ကာတာ | ၅ | ၈ | ၅ | ၁၈ |
| ၉။ | မြောက်ကိုရီးယား | ၅ | ၇ | ၁၁ | ၂၃ |
| ၁၀။ | ဆော်ဒီအာရေဗျ | ၅ | ၀ | ၄ | ၉ |

(အင်တာနက်)

## အေစီမီလန်တို့ သရေပွဲဖြစ်၊ ရိုးမားတို့ရှုံးပွဲကြုံ အီတလီစီးရီးအေပွဲစဉ်(၁၅)

ရောမ ဒီဇင်ဘာ ၁၁

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅)ကို ဒီဇင်ဘာ ၁၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လာဇီယိုက ရိုးမားကို အနိုင်ရပြီး အေစီမီလန်နှင့် တိုရီနိုတို့ပွဲတွင် ဂိုးမရှိသရေပွဲ ဖြစ်သွားခဲ့သည်။**



ထိုးဖောက်

အေစီမီလန်နှင့် တိုရီနိုတို့ပွဲတွင် အေစီမီလန်မှဆီးဒေါ့ဖ် (ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

### အေစီမီလန်နှင့် တိုရီနို

အေစီမီလန်တို့အိမ်ကွင်း၌ပင် တိုရီနိုကို တစ်ဂိုးမျှ မသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။ အမှတ်ဖြတ်ခံထားရသော အေစီမီလန်တို့အိမ်ကွင်းတွင် နိုင်ပွဲရရှိရေး ၃-၄-၃ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်၌ အိုလီဗီရာ၊ ဂီလာဒီနိုနှင့် ဘော်ရီလိုတို့ကိုထားကာ ကစားစေခဲ့သည်။

ဂီလာဒီနို ဦးဆောင်သော အေစီမီလန်တိုက်စစ်မှူးများသည် ကိုမိုတို၊ ဖရန်ဆက်ချီနီ၊ ဘာလက်စထရီနှင့်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာရီဇီတို့၏ တိုရီနို ခံစစ်ကြောင်းကို အကြိမ်များစွာ ထိုးဖောက် ကစားနိုင်သော်လည်း အပိုင်ဂိုးသွင်းခွင့် လေးကြိမ်သာရရှိခဲ့သည်။

### သရေပွဲ

ထို့အပြင် ပွဲချိန် ၇၉ မိနစ်တွင် အေစီမီလန်တို့ရရှိသော ပယ်နယ်တီ ပြစ်ဒဏ်ဘောကို အယ်ဘာတိုဂီလာဒီနိုကန်သွင်းရာ မဝင်ခဲ့သဖြင့် ယခုပွဲ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ အေစီမီလန်သည် ယခုပွဲသရေဖြစ်ခဲ့ရာ တန်းစီဇယား အဆင့် ၁၅ နေရာ၌ရှိနေပြီး တိုရီနိုမှာ တန်းစီဇယားအဆင့် ၁၀ ၌ ရှိနေသည်။

### လာဇီယိုနှင့် ရိုးမား

လာဇီယိုတို့အိမ်ကွင်း၌ ရိုးမားကို ခြေစွမ်းပြ အနိုင်ကစားနိုင်ခဲ့သည်။ လာဇီယိုတိုက်စစ်မှူးများသည် ယခုနှစ် အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းပြနေသော ရိုးမားတို့ကို အနိုင်ဂိုးသွင်းယူနိုင်ရန် လာဇီယိုတိုက်စစ်မှူး စတန်ဒါဒို၊ မင်ဖရီဒီနီနှင့်မာကင်ဝါတို့က တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကြိုးစား ကစားခဲ့ရသည်။

လာဇီယိုအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၄ မိနစ်၌ ခရစ်စတင်းလီဒတ်မာ၊ ကလည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန် ၅၂ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့်အော့ဒိုးကလည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် မူတာရီလီက လည်းကောင်း သွင်းယူခဲ့ကြ၍ လာဇီယိုတို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လာဇီယိုတို့ ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား အဆင့် ငါးနေရာတွင်ရှိနေပြီး ရိုးမားမှာ အဆင့်နှစ် နေရာ၌ ရှိနေသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ချီယေဗို | ၀ - ၁ | ဖီအိုရင်တီးနား |
| အတ္တလန္တာ | ၃ - ၂ | မက်ဆီနာ |
| အမ်ပိုလီ | ၀ - ၃ | အင်တာမီလန် |
| ကာဂလီယာရီ | ၀ - ၀ | ပါးမား |
| ဆမ်ဒိုးရီးယား | ၀ - ၀ | ဆီနာ |
| ကာတန်နီယာ | ၁ - ၀ | အူဒီးနိစ်။ |

(အင်တာနက်)

## ဖော်လန်၏ ချေပဂိုးဖြင့် ဗီလာရီးရဲ သရေပွဲကျ ဗလင်စီယာတို့ အိမ်ကွင်း၌ ဂိုးပြတ်သွင်းအနိုင်ယူ

မက်ဒရစ် ဒီဇင်ဘာ ၁၁

**စပိန်လာလီဂါဘောလုံးပွဲစဉ် (၁၄)ကို ဒီဇင်ဘာ ၁၀ရက်၌ ဆက်လက်ကစားရာ ဗလင်စီယာနှင့် ဒီပို့တီဗိုတို့ပွဲတွင် ဗလင်စီယာက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆဲလ်တာဗီဂိုနှင့် ဗီလာရီးရဲတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။**

### ဗလင်စီယာနှင့် ဒီပို့တီဗို

ဗလင်စီယာတို့က အိမ်ကွင်း၌ တစ်ဖက်သတ် ဖိကစားနိုင်ခဲ့သည်။ ဗလင်စီယာတိုက်စစ်မှူးများဖြစ်သည့် ဒေးဗစ်ဗီလာ၊ မီဂွယ်အင်ဂူလိုနှင့် ဗင့်တေးတို့က မနားတမ်းထိုးဖောက် ကစားခဲ့မှုကြောင့် ပွဲချိန် ၁၀မိနစ်မှာပင် မီဂွယ်အင်ဂူလိုက တစ်ဂိုး၊ ၃၈ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒေးဗစ်ဗီလာက တစ်ဂိုးနှင့် ၇၅ မိနစ်၌ ဒေးဗစ်ဗီလာကပင် တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ နောက်ဆုံးဂိုးကို ပွဲချိန် မိနစ် ၉၀၌ ဗင့်တေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒီပို့တီဗိုသည် ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ ယခုအချိန်အထိ အဝေးကွင်း ဈေးဦးမပေါက်သေးဘဲရှိနေသည်။ ဗလင်စီယာတို့ ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားတွင် အဆင့်ကိုးနေရာ၌ရှိနေပြီး ဒီပို့တီဗိုမှာ အဆင့်၁၃ နေရာတွင် ရပ်တည်နေသည်။

### ဆဲလ်တာဗီဂိုနှင့် ဗီလာရီးရဲ

ဆဲလ်တာဗီဂိုတို့ အဖွင့်ဂိုးကို စောစီးစွာ သွင်းယူနိုင်ခဲ့သော်လည်း နောက်ထပ်ဂိုးမသွင်းနိုင်၍ သရေပွဲဖြစ်ခဲ့ရသည်။ ဆဲလ်တာဗီဂိုတိုက်စစ်မှူး ဘာရာနိုက ပွဲချိန် ၁၇မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဗီလာရီးရဲ၏ချေပဂိုးကို တိုက်စစ်မှူး ဒီဂိုဖော်လန်က ပွဲချိန် ၆၅ မိနစ်၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

### အခြားပွဲရလဒ်များ

| | |
|---|---|
| ဘီလ်ဘာအို | ၄-၂ ရီခရီယေးတီဗို |
| အိုဆာဆူနာ | ၃-၀ မာလော့ကာ |
| ရေးဆင်း | ၀-၂ ရီးရဲဇာရာဂိုဇာ |
| ဂီတာဖေး | ၁-၁ ရီးရဲဘက်တစ် |
| အက်သလက်တီကို | ၁-၂ အက်စ်ပန်ညို |
| ဂျင်နက်စတစ် | ၂-၁ လီဗန်တေး။ |

(အင်တာနက်)



ဆဲလ်တာဗီဂိုနှင့်ဗီလာရီးရဲတို့ပွဲတွင်ဗီလာရီးရဲမှဂွန်ဇာလက်ဇ်(ယာ)နှင့်ဆဲလ်တာဗီဂိုမှ ဘောယာဒို (ဝဲ) တို့ ဘောလုံး ရရှိရေး ကြိုး စားစဉ်။ (ဓာတ်ပုံ-အင်တာနက်)







# မုံရွာ စက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မုံရွာစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက မုံရွာ စက်မှုလက်မှုသိပ္ပံ စတင်တည်ထောင်သည့် ၁၉၈၆ခုနှစ်မှ ၁၉၉၅ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုံရွာမြို့ ပေါ်ဦးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ဖိတ်စာ မရရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးအောင်လွင်အောင် ဖုန်း-၀၉-၅၁-၁၁၆၄၄၊ ဒေါ်ခင်စိုးမိုး ဖုန်း-၇၂၆၃၉၉၊ ဦးဇော်မြင့်ဦး ဖုန်း- ၅၉၃၁၈၁၊ ဒေါ်မြတ်မြတ်မိုး ဖုန်း- ၇၀၄၈၉၀၊ ဦးထွန်းဖေ ဖုန်း-၀၉-၂၁-၃၁၄၁၃နှင့် ဦးကျော်စိုး ဖုန်း-၀၇၁-၂၃၄၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# သင်္ချာပီသားစု၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တက္ကသိုလ် သင်္ချာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား သင်္ချာကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၃ရက် (စနေနေ့)နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သင်္ချာကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုသူများနှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဒေါက်တာခင်အေးအေး ဖုန်း-၀၉-၅၁-၅၈၄၇၀၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၉-၅၀-၂၀၈၀၂၊ ဒေါက်တာချိုဝင်း ဖုန်း-၀၉-၅၁-၇၇၃၈၅၊ ဦးကျော်ကျော်အောင် ဖုန်း-၀၉-၉၉-၂၁၂၆၈၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၁-၁၇၉၇၈ နှင့် ဒေါ်ကျော့စိန် ဖုန်း-၀၉-၅၀-၂၁၃၃၄ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ခြင်းလုံးအားကစားရုံနှင့် ကလပ်အသင်းစုံ ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဖြူစင်မေတ္တာ ဆေးတိုက်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် စတုတ္ထအကြိမ်မြောက် ခြင်းလုံးအားကစားရုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကို ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့ မိုးလုံလေလုံပြိုင်ပွဲရုံ အောင်ဆန်း အားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲရက် အတိအကျကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့် အဆင့်မှာ လေးပေါက်တန်း (လေးချိုးတန်း) (ခြင်းလတ်+ခြင်းကြီး+လက်ရွေးစင်လေးမျိုးစီ)ဖြစ်ပြီး ပြိုင်ပွဲဝင် ဆုရအသင်းများကို တံခွန်စိုက်ဒိုင်းနှင့် ဆုတံဆိပ်များအပြင် ငွေသားပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခြောက်သောင်း၊ တတိယဆု ငွေကျပ်လေးသောင်း ပံ့ပိုးပေးမည်။ ဆုမရသောအသင်းတိုင်းအား နှစ်သိမ့်ဆု တစ်သင်းလျှင် ငွေကျပ်တစ်သောင်းစီနှင့် အမှတ်တရဆု ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကိုမည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဦးသန်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၇၀၅၀၇၀၊ ၀၉-၈၀-၂၂၅၃၂၊ ဦးမျိုးမြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၂၆၈၇၂နှင့် ဦးခင်မောင်မြင့် အတွင်းရေးမှူး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းတို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လောင်စာတွေကိုရှင်း**

**မီးဘေးအန္တရာယ်ကင်း**

# ဆုတောင်းပြည့် မဟာမြတ်မုနိဘုရားကြီး ( ကျိုင်းတုံ )

မြန်မာနိုင်ငံတွင် တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများစွာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သည့် ပုဂံဒေသတွင် ရှေးဟောင်းဘုရားစေတီပုထိုးများစွာ ကိန်းဝပ်တော်မူလျက်ရှိသည်။

အလားတူပင် ရခိုင်ပြည်နယ်၊ စစ်တွေ၊ မြောက်ဦးမြို့တို့တွင်လည်း ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကပင် တည်ထားခဲ့သည့် ရှေးဟောင်းဘုရား စေတီပုထိုးများစွာ ယနေ့တိုင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြပေသည်။

ထို့အတူပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊ တိုင်းများ အသီးသီးရှိ ကျေးရွာများပါမကျန် ဒေသအလိုက် အထင်ကရ ဘုရားစေတီပုထိုးများ တည်ရှိ စံပယ်တော်မူကြလျက်ရှိပေသည်။ ထိုသို့သော တန်ခိုးကြီးဘုရား စေတီပုထိုးများစွာအနက် ကျွန်တော် ဖူးမြော်ခဲ့ရသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ကိုယ်တွေ့ ထူးဆန်းအံ့ဖွယ်ကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြစေကြောင်း ရည်ရွယ်၍ ရေးသားတင်ပြလိုပါသည်။

စာရေးသူသည် ၂၀၀၂ခုနှစ်တွင် ကျိုင်းတုံမြို့သို့တာဝန်ဖြင့် ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့ဖူးပါသည်။ ကျိုင်းတုံမြို့သို့ရောက်သည့်နေ့မှာပင် ကျိုင်းတုံမြို့လယ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမြတ်မုနိဘုရားကို သွားရောက်ဖူးမြော် ကြည်ညိုခဲ့ပါသည်။ မဟာမြတ်မုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသော ဝိဟာရကျောင်းတော်သည် ခေါင်မိုးထိပ်တွင် ထီးတော်တင်ထားပြီး ပြာသာဒ်အဆင့်ဆင့်၏ အမိုးအစွန်းလေးဘက်၌ ပြောင်သွပ်ဖြင့် ကနုတ်ပန်းသဖွယ် တပ်ဆင်ထားပြီး ကျောင်းတော်ပရဝဏ်အတွင်း လူတစ်ဖက်ခန့် သံတိုင်များဖြင့် တည်ဆောက်ထားပါသည်။ ကျောင်းတော်အတွင်း ဝင်ရောက်လိုက်သည်နှင့် နံရံများတွင် ဘုရားအလောင်း တောထွက်တော်မူခန်းနှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို နံရံ ဆေးရေးပန်းချီဖြင့် ဖော်ပြထားသည်။ နံရံဆေးရေး ပန်းချီဟုဆိုသော်လည်း နံရံများတွင် ရွှေဆိုင်းချ မွမ်းမံရေးဆွဲထားခြင်းဖြစ်သည်။

ဘုရားကြီးကိုဝတ်ပြုပြီး ကျောင်းတော်အတွင်း လှည့်လည်လေ့လာနေစဉ် ဒေသခံမိတ်ဆွေက မဟာမြတ်မုနိဘုရားကြီးသည် ဆုတောင်းပြည့်ပြီး သဒ္ဓါပွားများ၍ တစ်ကြိမ်ဖူးမြော်ပါက သုံးကြိမ်တိုင် ဖူးမြော်ရလေ့ရှိသည်ဟု ဒေသခံများက ယုံကြည်ကြလျက်ရှိကြောင်း ဆိုပါသည်။ စာရေးသူက ဘုရားဖူးရခြင်းသည် မွန်မြတ်လှသော အခွင့်ထူးကောင်းဖြစ်၍ နောက်တစ်ကြိမ် ဖူးခွင့်ရလျှင်လည်း ဖူးမြော်လိုပါကြောင်း ဆုတောင်းပြီး ဘုရားကြီးမှ ပြန်လာခဲ့ပါသည်။

ဆုတောင်းပြည့်ခဲ့ပါသည်။ ၂၀၀၄ခုနှစ်တွင် တာဝန်အရပင် ကျိုင်းတုံမြို့သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပြန်ပါသည်။ မဟာမြတ်မုနိဘုရားကြီးကို ဒုတိယအကြိမ် ဖူးခွင့်ရရှိခဲ့ပါသည်။ ဒေသခံမိတ်ဆွေများအား မိမိဆုတောင်းပြည့်ခဲ့ကြောင်း၊ တတိယအကြိမ် ဖူးခွင့်ရ မရ မဆိုနိုင်သော်လည်း ဒုတိယအကြိမ် ဖူးခွင့်ရ၍ ကျေနပ်အားရမိကြောင်း၊ ဘုရားကြီးမှာလည်း တတိယအကြိမ် ဖူးခွင့်ရပါက ဖူးခွင့်ရရှိလိုကြောင်း ထပ်မံ ဆုတောင်းခဲ့ပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လတွင် ကျိုင်းတုံမြို့သို့ တာဝန်ဖြင့် ရောက်ခဲ့ပြန်ပါပြီ။ ကျိုင်းတုံမြို့သို့ လေယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့်ပင် ဒေသခံ မိတ်ဆွေများအား မိမိ ဆုတောင်းပြည့်ခဲ့ရပါပြီ။ မဟာမြတ်မုနိဘုရားကြီးကို သုံးကြိမ်တိုင်တိုင် ဖူးခွင့်ထူးသည့် အခွင့်အရေးကိုလည်း ရရှိခဲ့ရပြီဟု ပြောဆိုမိပါသည်။

မိမိကိုယ်တိုင် ဆုတောင်းပြည့်ဝခဲ့သော မဟာမြတ်မုနိဘုရားကြီး၏ သမိုင်းကို စာဖတ်ပရိသတ်တို့ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရေးအတွက် မဟာမြတ်မုနိဘုရားကြီး၏သမိုင်းအကျဉ်းကို ဖော်ပြလိုပါသည်။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၌ အနောက်မဇ္ဈိမတွင် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူချိန်တွင် ဓညဝတီရခိုင်ပြည်၌ စန္ဒသူရိယဘုရင် အုပ်စိုးလျက်ရှိသည်။ စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားအား ဖူးလိုသည့် စိတ်သဒ္ဓါ ပြင်းပြလွန်းသည်ကြောင့် မြတ်စွာဘုရားအားရည်မှန်း၍ တံခွန်ငါးရာ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ပူဇော်တော်မူလေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူလျက်ရှိသည့် မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့အားကရုဏာ ရှေးရှုကြည့်ရှုတော်မူခိုက်နှင့် ကြုံကြိုက်တော်မူသဖြင့် စန္ဒသူရိယမင်းကြီး၏ ပင့်ဖိတ်တောင်းပန်အပ်သည်ကို မြင်တော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားသခင်သည် ဓညဝတီရခိုင်မင်း စန္ဒသူရိယသည် ငါ့အားမဖူးမြော်ရလျှင် ခန္ဓာပင်လျော့ကျအံ့၊ ဖူးရပါကမင်းနှင့် တကွမောင်းမမိဿံ ခြွေရံအပေါင်းတို့ သောတပတ္တိဖိုလ်၌ တည်အံ့၊ တိုင်းနေ ပြည်သူအပေါင်းတို့သည်လည်း သရဏဂုံပဉ္စသီအစရှိသည်တို့တည်အံ့၊ ငါ၏ကိုယ်စား ရုပ်ပွားတော် မဟာမုနိကို ခွင့်ပြုသွန်းလုပ် ကိုးကွယ်စေပါက ငါဘုရားသာသနာ ငါးထောင်ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့ ကောင်းမှုတရား ပွားများအံ့ဟု ဆင်ခြင်တော်မူ၍ ဓညဝတီ၊ ရခိုင်ပြည်သို့ ကြွရောက်တော်မူလေသည်။

မြတ်စွာဘုရားနှင့် စန္ဒသူရိယမင်းတို့သည် ရှေးပါရမီဆက် ရှိခဲ့ဖူးသည်။ ဘုရားလောင်းသည် ကလိင်္ဂပြည်တွင် ဗြဟ္မဒတ်မင်းဖြစ်စဉ် စန္ဒသူရိယ မင်းလောင်းသည် ဇေယျနန္ဒီ အမတ်ဖြစ်၍ အကျွမ်းတဝင်ရှိခဲ့ကြသည်။ ဗာရာဏသီပြည်တွင် ဘုရားလောင်းသည် ပုဏ္ဏား၏သားဖြစ်ပြီး ဗေဒင်အထူးကျွမ်းကျင်သူဖြစ်ခဲ့စဉ် စန္ဒသူရိယမင်းသည် နွားကျောင်းသားဖြစ်ခဲ့သည်။ စန္ဒသူရိယမင်းလောင်း နွားကျောင်းသား၏ နွားများပျောက်နေသည်ကို ဘုရားလောင်းက ဗေဒင်တွက်၍ ညွှန်ပြခဲ့သဖြင့် အကျွမ်းတဝင်ဖြစ်ခဲ့ကြသည်။ ဘုရားလောင်းသည် ခေတ္တခဏ ခရီးသွားလာသည့်အခါ ဘုရားလောင်း၏ကိုယ်စား ရွှံ့ရုပ်တု ပြုလုပ်ပေးခဲ့ရာ စန္ဒသူရိယမင်းလောင်း နွားကျောင်းသားသည် နေ့စဉ် တစ်နေ့သုံးကြိမ် ပူဇော်ခဲ့သည်။

ဘုရားလောင်းသည် ဟိမဝန္တာတော၌ ရသေ့ဖြစ်စဉ် စန္ဒသူရိယမင်းလောင်းသည် မင်းဖြစ်ခဲ့သည်။ ထိုမင်းသည် တောကစားထွက်ရင်း ဘုရားလောင်းရသေ့အား ဖူးတွေ့ရသဖြင့် ကြည်ညိုစိတ်ပွားကာ တောလိုက်အလုပ်ကိုစွန့်ကာ ဘုရားလောင်းအား လုပ်ကျွေးပြုစုခဲ့သည်။ ဘုရားလောင်းအား ခုနစ်ရက်ပတ်လုံး လုပ်ကျွေးပြုစုပြီး တိုင်းပြည်သို့ပြန်ရန် ပြင်ဆင်သောအခါ ဘုရားလောင်းအား ဆွမ်း၊ ပန်းဆက်ကပ်လှူဒါန်းကာ ဘုရားလောင်း ဘုရားစင်စစ် အမှန်ဖြစ်သောအခါ ဖူးတွေ့ရပြီး မြတ်စွာဘုရား နိဗ္ဗာန်ကြွမြန်းချိန်တွင် သာသနာတော် အရှည်တည်တံ့ရေးအတွက် ကိုယ်စားတည်ထား ကိုးကွယ်ခွင့်ရလိုပါ၏ဟု ဆုတောင်းခဲ့သည်။

ဘုရားလောင်းသည် ဟိမဝန္တာတော ရွှေပဗ္ဗတောင်တွင် ရသေ့အဖြစ် တရားအားထုတ်နေစဉ် စန္ဒသူရိယမင်းလောင်းသည် မုဆိုးဘဝဖြင့် မျက်စိလည် လမ်းမှားကာ ဘုရားလောင်းရသေ့ ရှေ့မှောက်

မြတ်မင်းလှိုင်

ရောက်ခဲ့သည်။ ဘုရားလောင်းရသေ့၏ လမ်းမှန်ညွှန်ပြပေးခဲ့သဖြင့် မုဆိုးသည် ရသေ့အား ဆွမ်းမပျက် လုပ်ကျွေးပြုစုခွင့် တောင်းခံသဖြင့် ဘုရားလောင်းရသေ့သည် ရွှံ့ဖြင့်ပြုလုပ်သော ကိုယ်စားရုပ်တုတော် ချီးမြှင့်ပေးခဲ့သည်။ မုဆိုးသည် ဘဝဆက်တိုင်း ပူဇော်ခွင့်ရရှိရေးကို ဆုပန်ခဲ့သည်။

ဘုရားလောင်းသည် မဏိဥတ္တရပြည်၌ ရဟန်းဘဝဖြစ်စဉ်၌ စန္ဒသူရိယမင်းလောင်းသည် မဏိဥတ္တရပြည် မဟာဇနကမင်းကြီး၏ သားတော်ဖြစ်သည်။ မင်းသားသည် ဘုရားလောင်းရဟန်းအား ကျောင်းဆောက်လှူဒါန်းခဲ့ပြီး ဘုရားလောင်းသည် ကိစ္စကြီးငယ်ကြောင့် ခရီးကြွရောက်သောအခါများတွင် ဘုရားလောင်း၏ကိုယ်စား ရုပ်တုငယ်ပြုလုပ်၍ ပူဇော်နေလေ့ရှိသည်။

မြတ်စွာဘုရားသည် ၁၂၃ ခု(ဘီစီ ၅၅၄)ဝါတော် ၂၀၊ သက်တော် ၅၅ တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ ကောင်းကင်ခရီးဖြင့် ဓညဝတီပြည်သို့ ဒေသစာရီကြွချီတော်မူလေသည်။ မြတ်စွာဘုရားသည် ရခိုင်ပြည် ဓညဝတီ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်း မောရပဗ္ဗတ မည်သော သေလာဂိရကျောက်တော်တောင်ထိပ်၌ သက်ဆင်းရပ်နားတော်မူသည်။ မြတ်စွာဘုရားသည် နှစ်ဦးအခါက ဤသေလာဂိရိတောင်ပေါ်၌ ပန်းပွတ်သားဖြစ်ခဲ့ဖူးသောကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသော အခါ ဘုရားရှင်၏ ကျောက်ရိုးတော်ဓာတ်ကို ဌာပနာ၍ စေတီတော်တည်လေသည်။ ယနေ့ ကျောက်တော်တောင်ပေါ်စေတီဟု လူသိများ ထင်ရှားလျက်ရှိသည်။

မြတ်စွာဘုရားသည် ကျောက်တော်တောင်ပေါ်၌ ရပ်နားသီတင်းသုံးနေတော်မူသည်ကို စန္ဒသူရိယမင်း ကြားသိလျှင် သောင်းခြောက်ထောင်သော မင်း၊ မောင်းမတို့ခြံရံလျက် သွားရောက်ဖူးမြင်လေသည်။ စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်မှုကြောင့် ဝိသကြုံနတ်သား ဖန်ဆင်းသည့် ယာဉ်စကြာနှင့် ကောင်းကင်ခရီးဖြင့် မင်းနေပြည်တော်သို့ ကြွမြန်းတော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရားနှင့် တပည့်အရိယာ ရဟန္တာအပေါင်းတို့အား စန္ဒသူရိယမင်းသည် ခုနစ်ရက်ပတ်လုံး လုပ်ကျွေးပြုစု လှူဒါန်းသည်။ မြတ်စွာဘုရားလည်း တရားဒေသနာတော်များကို ချီးမြှင့်ဟောကြားခဲ့ရာ တရားအဆုံး၌ မင်း၊ မိဖုရား၊ မောင်းမမိဿံ ခြံရံဖိုလ်ပါအပေါင်းတို့ သောတပတ္တိဖိုလ် တည်ကြကုန်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဒေသစာရီ ဆက်လက်ကြွမြန်းတော့မည်ကို စန္ဒသူရိယမင်းသိလျှင် သတ္တဝါဝေနေယျတို့ ကိုးကွယ်ရာဖြစ်အောင် ဘုရားရှင်၏ ကိုယ်တော်အစား ရုပ်ရှင်တော်တစ်ဆူ ချီးမြှင့်တော်မူပါရန် လျှောက်ထားရာ ဘုရားက ဝန်ခံပဋိညာဉ် ပေးတော်မူ၏။

စန္ဒသူရိယမင်းလည်း လွန်စွာ ဝမ်းမြောက် အားရလှသောကြောင့် ပြည်ထောင်မင်းအချင်းချင်းတို့ ရတနာကိုးပါးတို့ကို ကုသိုလ်ပါဝင်စေခဲ့ရာ ကိုးကုဋေမျှလောက်သော ရတနာများကို ရရှိ၍ မြတ်စွာဘုရားအား ရုပ်ရှင်တော်သွန်းလုပ်ခွင့်ပြုရန် ဆက်ကပ်သည်။ မြတ်စွာဘုရားသည် သိကြား၊ ဝိသကြုံတို့အား ခေါ်တော်မူ၍ ဘုရားရှင်ကိုယ်တော်နှင့် မယုတ်မလွန် အတိုင်းအရှည် ပမာဏရှိသော ရုပ်တုတော်ကို သွန်းလုပ်ရန် ရတနာအစုကို လက်တော်ဖြင့် ခုနစ်ခုပ်ကျုံးပြီး အပ်နှင်းတော်မူ၏။

မြတ်စွာဘုရားသည် စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်သဖြင့် ရုပ်ရှင်တော် သွန်းလုပ်နေစဉ်ကာလတွင် သီရိဂုတ်တောင်ပေါ်ရှိ မဏ္ဍပ်၌ သီတင်းသုံးတော်မူသည်။ အဠွနမင်းဖြိုခွင်းသော သက္ကရာဇ်



ဆုတောင်းပြည့် မဟာမြတ်မုနိဘုရားကြီး (ကျိုင်းတုံ)

(၁၂၃) ကဆုန်လပြည့်နေ့ ညအချိန်မှစပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလောင်းခဲ့ရာ သွန်းလောင်းပြီးချိန်တွင် ဦးခေါင်းတော်မြတ်သည် မစေ့မစပ်ဘဲ ကွဲကွာနေသဖြင့် သုံးကြိမ်သုံးခါ သွန်းလုပ်ပြန်သော်လည်း ကွဲကွာလျက်ပင် ရှိနေသည်။ မြတ်စွာဘုရားလည်း ရုပ်ရှင်တော်မြတ်အား ရင်ငွေ့တော်ဓာတ်ဖြင့် ကွဲကွာနေသည့် ဦးခေါင်းတော်မြတ်ကို လက်တော်ဖြင့် ခုနစ်ခါတိတိ သုံးသပ်မှ ချောမောစွာ ဆက်စပ်မိလေသည်။ သက္ကရာဇ်၁၂၃ခုနှစ် ကဆုန်လပြည့်ကျော်၁ရက်နေ့တွင် ရုပ်တုတော်သည် ဘုရားရှင်နှင့်ဆံတစ်ခြည်မျှမချွတ် သပ္ပာယ်စွာ စံပယ်တော်မူလေသည်။ လူ၊ နတ် ဗြဟ္မာအပေါင်းတို့သည် ဘုရားနှစ်ဆူ တစ်ပြိုင်တည်းပွင့်တော်မူသကဲ့သို့ ဝမ်းမြောက်ကြည်နူးသဒ္ဓါပွားများကြကုန်သည်။

မြတ်စွာဘုရား၏ ကြည်လင်ရွှင်ပျ ခွင့်ပြုတော်မူခြင်းကြောင့် ကြွင်းကျန်သော ရတနာမြတ်တို့ဖြင့် ဗြဟ္မာ၊ သိကြား၊ ဝိသကြုံတို့ သောင်းသောင်းဖြဖြ တူညီညာဝိုင်းဝန်း၍ ဆင်းတုတော်သုံးဆူကို ထပ်မံသွန်းလောင်းကြသည်။ ပထမသွန်းလုပ်သော ရုပ်ရှင်တော်မှာ မဟာမြတ်မုနိ၊ ဒုတိယ သွန်းလုပ်သော ရုပ်ရှင်တော်မှာ ရှင်ကျော်၊ တတိယသွန်းလုပ်သော ရုပ်ရှင်တော်မှာ ရွှေဘုံသာ၊ စတုတ္ထသွန်းလုပ်သော ရုပ်ရှင်တော်မှာ မာရ်အောင်မြင်ဟူ၍ ဘွဲ့တော်ထင်ရှား သောင်းလုံးကျော်ကြားလေသည်။

နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီးနောက် မဟာမြတ်မုနိဘုရား၏ ဂုဏ်တော် ဘုန်းတန်ခိုးတော်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အထိ သတင်းပျံ့နှံ့လာခဲ့သည်။ ကောဇာသက္ကရာဇ် ၁၂၆၉ခုနှစ်တွင် ကျိုင်းတုံစော်ဘွား စောကွန်ကျောက်အင်းထရိစ်သည် စေတနာသုံးဖြာထက်သန်စွာဖြင့် ဂုံဂိုဏ်းချုပ်ဆရာတော် (အပ်ရားထမ်းကျိုင်ငမ်းကျောင်း)၊ သံဃာတော်များ၊ မြို့ပေါ်ရှိ ဘုရားဒါယကာများနှင့် သာသနာတော် နှစ်ထောင့်ငါးရာတိုင်အောင် တည်တံ့နိုင်အောင်အလို့ငှာ မဟာမြတ်မုနိဘုရားတစ်ဆူ တည်ထားကိုးကွယ်ရန် စိတ်အားထက်သန် ဆွေးနွေးကြသည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် မန္တလေးမြို့ဟောင်း ဘူတာရုံအနောက်ဘက် လေးအိမ်တန်းရပ်နေ ပန်းပုပညာရှင်ဆရာကြီးဦးသစ်နှင့်တပည့်သားများအား ပဉ္စလောဟသွန်းလောင်းရန် အပ်နှံခဲ့သည်။ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားပုံတော်အတိုင်း သွန်းလောင်းစေခဲ့သည်။

ထိုစဉ်အခါက သီပေါမြို့မှ ကျိုင်းတုံမြို့သို့ မော်တော်ကားလမ်းပေါက်ရောက်ခြင်း မရှိသေးသဖြင့် ရုပ်ပွားတော်ကို အပိုင်းပိုင်း ခွဲ၍ ပင့်ဆောင်လာခဲ့သည်။ သီပေါမြို့မှတစ်ဆင့် နွားလှည်းများဖြင့် သံလွင်မြစ်၏ အနောက်ဘက်ကမ်း တာကော် ကူးတို့အထိ ပင့်ဆောင်ခဲ့သည်။

ကျိုင်းတုံမြို့သို့ ရောက်ရှိသောအခါ မြို့လယ်ကောင်၌ တည်ရှိသော ခုံကွိုင်းစွန်း(ယခုမြို့မဘောလုံးကွင်း)နေရာတွင် ယာယီစံကျောင်းတော်ဆောက်လုပ်လျက် တစ်ဝါစိုစံပယ်ကြည်ညိုကြသည်။ ကောဇာသက္ကရာဇ် ၁၂၈၈(ဗုဒ္ဓသာသနာတော် ၂၄၇၀)၌ လက်ရှိကိန်းဝပ်တော်မူသည့် ဝိဟာရကျောင်းတော်ကို တည်ဆောက်ခဲ့သည်။ ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၅၀) တန်ဆောင်မုန်းလပြည့်နေ့မှ စတင်၍ တန်ဆောင်မုန်းလပြည့်နေ့အား မဟာမြတ်မုနိ ဘုရားပွဲတော်ဟူ၍ သတ်မှတ်ကာ နှစ်စဉ် အစဉ်အလာမပျက် ထိန်းသိမ်းကျင်းပလာကြသည်မှာ ယနေ့တိုင် ဖြစ်သည်။

သို့ပါ၍ ကိုယ်တိုင်ဖူးတွေ့ခဲ့ရသည့် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီးအား ရောက်ရှိဖူးမြော်ကြည်ညို သဒ္ဓါပွားနိုင်ကြပါစေကြောင်း ဖိတ်ခေါ်ရပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးတင်ဝင်း-ဒေါ်ဂင်စိန်နှင့်သမီး အေးမြတ်သီရိ၊ သား မောင်ထက်ဝေယံဝင်း အမှတ်(၇၄)ရန်ကုန်-အင်းစိန်လမ်း စံရိပ်ငြိမ် ကမာရွတ်မြို့နယ် မိသားစုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘားလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဇောတိဝံသ သာသနဓဇဓမ္မာစရိယထံ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

## သုခါဝါသဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၁

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ခွဲ (၁၈၁)၌ (၅၆)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဒီဇင်ဘာ ၂၂ရက်မှ ၃၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင်မိုးကုတ်အဖွဲ့ချုပ်ဓမ္မကထိက ဆရာတော် ဦးစန္ဒာသီရိ အောင်စကြာ မိုးကုတ်ရိပ်သာ မြင်တော်သာလမ်း ၇ရပ်ကွက် သာကေတမှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ ဖုန်း-၅၃၇၃၂၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန်အတွက် ရန်ကုန်တိုင်း သန်လျင်မြို့ အုပ်ဖိုစုရပ်ကွက် သိပ္ပံလမ်း အမှတ် (၅၁) နေ ဦးသန်းဝင်း (၄၆) နှစ်ပြည့် မွေးနေ့မင်္ဂလာအတွက် ဦးသန်းဝင်း-ဒေါ်ခင်မင်းသန့်၊ သမီး မအေးချမ်းမြင့်မြတ်၊ သား မောင်ကောင်းစွမ်းသာ မိသားစုတို့က အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘားလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန (ဓမ္မာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၈

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန တောင်ငူပညာရေးကောလိပ် ဒုတိယအကြိမ်မြောက် ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းက ပညာရေးကောလိပ် သီရိရတနာခန်းမဆောင်၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်က အမှာစကားပြော ကြားပြီး သင်တန်းသူ ၂၁၅ဦးတို့အား ဒီပလိုမာလက်မှတ်များနှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်လိုက်သည်။

အဆိုပါ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲနှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်ပွဲအခမ်းအနားသို့ တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်လှ(သတင်းထောက်)၊ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)(ကိုရေချမ်းတောင်ငူ)နှင့် အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ (၃၇၂)

## မြို့နယ်သတင်းများ

တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၄ရက်က ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးစိုးတင့်နှင့်ဝန်ထမ်းများ ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)



မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဗန္ဓုလလမ်းတံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ၉ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## မအူပင်မြို့ စာဆိုတော်နေ့ စာပေဟောပြောပွဲကျင်းပ

မအူပင် ဒီဇင်ဘာ ၅

မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော (၅၇)ကြိမ်မြောက် စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၅ရက် ည၇နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမဆောင်တွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာချစ်သူပရိသတ်များ စည်ကားစွာ တက်ရောက်ကြပြီး စာရေးဆရာ တက္ကသိုလ်စိန်တင်၊ ကောင်းသန့်နှင့် အဏ္ဏဝါစိုးမိုးတို့က စာပေရေးရာများ ဟောပြောကြသည်။ (က-ပ)



## မြန်မာ့အသံနားဆင်စရာ

**(၁၃၆၈ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်)**

**၁၃-၁၂-၂၀၀၆(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏မင်္ဂလသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆေးဖက်ဝင်စက်မှုကုန်ကြမ်းများအကြောင်း)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူနိုင်ငံမြို့ဟောင်းများ ဒုတိယပိုင်း)(ဒေါက်တာဖေဉာဏ်)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (အရှိ၊အသိ၊သတိ)(တင်လှထွန်း)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ဖြေနိုင်ပေါင် (ပတ်ပျိုး) (ခင်စန်းတင့်)
(၂) ရှစ်ဆယ်ပေါ်တေးထပ် (ခင်မေညွန့်)

**ညနေပိုင်း**

၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆယ်မိုးဆယ်နွေမျှော်လေလေဝေး (ကိုမင်းနောင်)
(၂) ကဗျာထဲကမစံပယ် (နှင်းရည်သန့်)
(၃) အလွမ်းတွေ ပို့လိုက်တယ် (လက်ပံတန်းမောင်မောင်ဦး)

၁၇:၃၀ အစာနှင့်အာဟာရ (ပဲဒလက်သီးနှင့် ပဲလေးညင်း)

၁၇:၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးဆုရ ပဲခူးတိုင်းမှဦးခင်ရီ(ခ)စိန်ကျော်လင်း၏ ပတ္တလားလက်သံ

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထူးဆန်းသော ဂျပန်ပုံပြင်များ (နုယဉ်)
(၂) အမျိုးသားစီးပွားပြန်ပြည့်မြစွမ်းအင်နှင့်ဘိုင်အိုဒီဇယ် (ရွှေနဂါးတင်ဝင်း)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (သီဟတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဇာဏီအမ်ခင်၏ သင်္ဂါရမြားတေးစီးရီး)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆံစလည်ဝဲကိုယ့်ချစ်သဲ (ဟသ်ာတထွန်းရင်)
(၂) မောင့်အပြောလေးကဖိုးလမင်း (သင်းသင်းမြတ်)
(၃) ချစ်သူတို့အကြောင်း (သန်းဖေလေး)

သန်လျင်မြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို နိုဝင်ဘာ ၂၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ဘက်စုံသချာ်ထူးချွန်ဆုနှင့် တတိယတန်းပထမဆုရ မောင်ရန်နိုင်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)



## ရေဦး အထက(၁) အာစရိယပူဇော်

ရေဦး ဒီဇင်ဘာ ၄

ရေဦးမြို့အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ကျောင်းသူကျောင်းသားဟောင်းများ၏ (၁၄) ကြိမ်မြောက်အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက်နံနက် ၁၀နာရီက ကံ့ကော်ဆောင်ခန်းမတွင်ကျင်းပရာ အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အာစရိယပူဇော်ပွဲ အခမ်းအနားတွင် ရေဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသောင်းတို့က နှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသူ ကျောင်းသားဟောင်းများက အပူဇော်ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၀၇ ဦးတို့အား အလှူငွေကျပ် ၁၅သိန်းဖြင့် လှူဒါန်းပူဇော်ကန်တော့ကြသည်။ (၃၇၈)

## အင်းမအထက အာစရိယပူဇော်ပွဲ

အင်းမ ဒီဇင်ဘာ ၉

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် အင်းမမြို့ အထကမှ အသက် ၆၀ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီးဆရာမကြီးများအား ပူဇော်ပွဲနှင့် အင်းမအသင်း (ရန်ကုန်)အသင်းဝင် သားသမီးများထဲမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရသူများ၊ သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ဒုတိယ၊ တတိယဆုရကြသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အင်းမမြို့ အထက သီတဂူခန်းမဆောင်၌ကျင်းပမည်ဖြစ်သည်။ တပည့်ကျောင်းသားကျောင်းသူများ တက်ရောက်ကန်တော့ကြရန်နှင့် အလှူငွေများကို အင်းမမြို့မှ ဦးသိန်းအောင် ဖုန်း-၀၅၃-၃၈၄၀၀ (လိုင်းခွဲ ၇၉)၊ ဦးမောင်ဝင်း ဖုန်း-၀၅၃-၃၈၄၀၀ (လိုင်းခွဲ ၉၉)၊ ရန်ကုန်မြို့မှ ဒေါ်တင်တင်ဝင်း ဖုန်း-၂၉၂၁၁၂၊ ၀၉-၅၂-၀၁၂၇၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁-၀၈၁၇၁ နှင့် ဦးကျော်ကျော်ဦး ဖုန်း-၂၅၁၄၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မီးဘေးရှောင် မလောင်ခင်တား



ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပြည်-ရန်ကုန်အဝေးပြေး ကားလမ်း ဘေးဝဲယာရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စနစ်တကျ ပုံဖော်ခြင်းတို့ကို နိုဝင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

# အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အကြံပြုချက်စာတမ်း မူကြမ်းဖတ်ကြားတင်ပြ




**ရန်ကုန် ဒီဇင်ဘာ ၁၁**

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(ဗြ)၌ ကျင်းပရာ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သဘာပတိ**

အဆိုပါအစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●






**အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(ဗြ)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေပြီး ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက် ချောမွေ့စေမည့် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထား စတင်ပြေးဆွဲပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြစ်ကြီးနားနှင့် မန္တလေး ကူးသန်းသွားလာနေကြသော ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် ရထားတွဲဆိုင်းသစ်နှစ်ဆိုင်း နေ့စဉ် အစုန်တစ်စင်း၊ အဆန်တစ်စင်း ထပ်မံပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၈)အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထား စတင်ပြေးဆွဲသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနား ဘူတာအမှတ်(၁) စင်္ကြံ၌ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳

## ရထားတွဲဆိုင်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေး

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထား တွဲဆိုင်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး